ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)





ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်စဉ်။

# ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး လမ်းညွှန်အမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂၄**


ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဘဏ္ဍာရေးကော်မရှင်၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံ

**ပေကျင်း ဧပြီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ကျင်းပမည့် ဒုတိယအကြိမ်မြောက်ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တာဝန်ရှိသူများလိုက်ပါသွားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zang Guohua၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**

ကြေးမုံ နိုင်ငံတော်သတင်းစာ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရခိုင်ဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အာရှ၏ ပထမဆုံး AMI နည်းပညာသုံး မီတာဖတ်စနစ်နှင့် ဓာတ်အားခငွေကောက်ခံမှု မြို့နယ်နှစ်ခုတွင် ဆောင်ရွက်**

စာမျက်နှာ » ၁၈



# ကြေးမုံ

## ကမ္ဘာမြေ အေးချမ်းသာယာစေရေး

နွေရာသီကာလတွင် ရာသီဥတုပူပြင်းသည်မှာ သဘာဝပင်ဖြစ်သော်လည်း ပုံမှန်ထက်လွန်ကဲသည့် ပူပြင်းမှုများ တစ်နှစ်ထက်တစ်နှစ်ပိုကဲလာသည်မှာ သက်ရှိများအတွက် စိုးရိမ်စရာဖြစ်လာသည်။ ရာသီဥတု တစ်စတစ်စ ပူပြင်းလာသည့် အဓိကအကြောင်းရင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့နှင့် အလားတူ ဓာတ်ငွေ့မာဏများ ကမ္ဘာ့လေထုအတွင်း စံချိန်တင် မြင့်မားလာ၍ ဖြစ်ရသည်မှာ အငြင်းပွားဖွယ်မရှိချေ။

ထိုသို့သောအခြေအနေ မဖြစ်ပွားစေရေးအတွက် ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည်မှာ သစ်တော၊ သစ်ပင်များဖြစ်ပြီး သစ်တော၊ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပေးသဖြင့် ကမ္ဘာကြီးမှာ ဥတုရာသီမျှတ၍ နေထိုင်ချင်စဖွယ်ဖြစ်ခဲ့ပါသည်။ သို့သော် ယင်းအခြေအနေများမှာ ယိုယွင်းခဲ့ပြီး သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုနှင့်အတူ ရာသီဥတုဖောက်ပြန်မှုများ၊ သတ္တဝါမျိုးစိတ်များ ပျောက်ကွယ်မှုများ စသည့် ဂေဟစနစ်ပျက်ယွင်းမှုများဖြစ်ပေါ်ခဲ့သည်။

ပျက်ယွင်းခြင်း၏ အကျိုးဆက်ကို ဤကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော ကမ္ဘာ့လူသားများနှင့် သတ္တဝါများ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းသော အခြေအနေများနှင့်ရင်ဆိုင်ရပြီး သက်ရှိအားလုံးပျက်သုဉ်းရမည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ယင်းကို ကျော်လွှားနိုင်ရန်အတွက် ကမ္ဘာ့ပြည်သူများ အားလုံးအား သစ်ပင်များစိုက်ပျိုးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးကို တိုက်တွန်းနှိုးဆော်ကြရမည် ဖြစ်သည်။

လက်ရှိတွင် လူသားများ၏အလိုဆန္ဒများနှင့် လောဘများကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့များကို လျင်မြန်စွာလျှော့ချဖြတ်တောက်နိုင်ရေးအခွင့်အရေးများနှင့် လုံးလုံးလျားလျားဝေးကွာနေသည်။ တစ်ဖက်တွင် သစ်ပင်စိုက်ပျိုးပြီး တစ်ဖက်တွင် သစ်ပင်များကိုထိန်းသိမ်းစောင့်ရှောက်ကာ အခြားတစ်ဖက်တွင် ဓာတ်ငွေ့များလျော့နည်းလာရေးအတွက် လူတို့၏လိုအင်များကို လျှော့ချကြရမည်ဖြစ်သည်။

ယင်းကို စတင်အကောင်အထည်မဖော်ပါက တစ်ကမ္ဘာလုံးရှိဂေဟစနစ်အားလုံး၊ သက်ရှိနှင့် လူသားအားလုံး အသက်ရှင်နေထိုင်မှုပုံစံများကို ဆိုးရွားစွာ ထိခိုက်လာနိုင်စရာအကြောင်းရှိပေသည်။ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် လွန်ခဲ့သည့်ကာလများမှစ၍ သိပ္ပံပညာရှင်များက သတိပေးပြောကြားခဲ့သလို ကမ္ဘာ့နိုင်ငံခေါင်းဆောင်များကလည်း ပြဿနာဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သို့သော် အဆိုပါပြဿနာကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကမ္ဘာ့ပြည်သူအားလုံး အသိစိတ်ဓာတ်ရှိစွာဖြင့် အလေးထားဆောင်ရွက်နိုင်မှသာ အကောင်အထည်ပေါ်မည် ဖြစ်သည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ကမ္ဘာ့လူသားများ လက်တွေ့ကျကျ ခံစားနေရပြီဖြစ်သည်။ ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော အပူချိန်မြင့်မားမှုကို ထိန်းသိမ်းနိုင်မှုမရှိလျှင် သဘာဝကပ်ဆိုးများကို ရုတ်တရက်ပိုမိုရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂမှ ပြောကြားထားသည်။ လေထုထဲသို့ ထုတ်လွှင့်လိုက်သောဓာတ်ငွေ့နှင့် လေထုထဲမှဖယ်ထုတ်နိုင်သောဓာတ်ငွေ့ အညီအမျှရှိရန် လိုအပ်ပေရာ လေထုထဲမှ ပူနွေးစေသောဓာတ်ငွေ့များလျော့ကျစေရန် များစွာကြိုးပမ်းအားထုတ်ရမည် ဖြစ်သည်။

ရာသီဥတုဆိုင်ရာပြောင်းလဲမှု၊ ဖောက်ပြန်မှုဆိုးကျိုးများကို အမျိုးမျိုးအဖုံဖုံ အသိပေးနှိုးဆော်လာခဲ့ကြသည်။ လက်တွေ့ကျကျ ဝိုင်းဝန်းအကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော လူသားများအားလုံးကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အခြားအလားတူ ဓာတ်ငွေ့များလျှော့ချနိုင်ရေးနည်းလမ်းရှာဖွေကြရမည် ဖြစ်သည်။ သို့မဟုတ်ပါက ဤကမ္ဘာကြီးဖောက်ပြန်ပျက်စီးပြီး လူသားများဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဤကမ္ဘာမြေသည် တစ်နှစ်ထက်တစ်နှစ် ပူပြင်းမှုကို ဆိုးရွားစွာကြုံတွေ့လာပြီဖြစ်သည်။ ကမ္ဘာ့လေထုပူပြင်းမှုကို လျှော့ချပြီး ကမ္ဘာမြေအေးချမ်းရေး ထိန်းသိမ်းထားနိုင်ရန်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချရမည်ဖြစ်ရာ နိုင်ငံများနှင့် အစိုးရများပူးပေါင်း၍ အဖွဲ့အစည်းများ၊ စေတနာရှင်လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ကမ္ဘာမြေအေးချမ်းသာယာလာမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၁/၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၁၁/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာတစ်နိုင်ငံလုံးတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၅၇ ကျောင်းရှိ

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ချို့တဲ့နွမ်းပါးကလေးများနှင့် မိဘမဲ့ကလေးများအတွက် ပညာသင်ကြားပေးရာ အဓိကအခန်းကဏ္ဍတွင်ရှိနေပြီး လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာနေရာလည်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောသည်။

Childfund Myanmar နှင့် Childfund Korea တို့ပူးပေါင်း၍ သာကေတရှုခင်းသာရှိ နတ်မောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ Industrial Bank of Korea မှ စေတနာ့ဝန်ထမ်းများ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အခမ်းအနား၌ ဦးနိုင်ငံလင်းက “ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၂၈ ကျောင်းရှိပါတယ်။ တစ်နိုင်ငံလုံးဆိုရင် ၁၅၅၇ ကျောင်းရှိပါတယ်။ တစ်နိုင်ငံလုံး ကျောင်းသားကျောင်းသူအရေအတွက်စုစုပေါင်း ခုနစ်သိန်းရှစ်ထောင်ကျော် ရှိပါတယ်။ ဒီလောက်များပြားတဲ့ ကလေးတွေကို ထောက်ပံ့ကူညီခြင်းဟာ ကျွန်တော်တို့နိုင်ငံ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပဲအရေးကြီးပါတယ်”ဟု ပြောသည်။ မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိရာ အစိုးရအနေဖြင့် ယခင်ကထက် ပညာရေးအသုံးစရိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သို့သော်လည်း လုံလောက်စွာ ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးကြောင်း၊ အထူးသဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများအပေါ် အားထားနေရဆဲဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောပြသည်။



နတ်မောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းသား ၁၅၀၀ ကျော် ပညာသင်ကြားလျက်ရှိသည့်အနက် ၄၀၀ ကျော်မှာ မိဘမဲ့ကလေးများဖြစ်ကြောင်း၊ ယင်းအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် နွမ်းပါးကလေးများနှင့် မိဘမဲ့ကလေးများအတွက် အဓိကပညာသင်ကြားပေးရာနေရာလည်းဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အခြေခံပညာမူလတန်းမှ အထက်တန်းအထိ ပညာသင်ကြားပေးလျက်ရှိသည့်အပြင် အခြေခံဗုဒ္ဓယဉ်ကျေးမှုစာပေများလည်း သင်ကြားပေးလျက်ရှိသည့်အတွက် ကြီးပြင်းလာသည့်အခါ ဘာသာရေးကိုင်းရှိုင်းပြီး လောကဝတ်ကို ပိုမိုနားလည်သော လူတော်လူကောင်းများဖြစ်လာနိုင်မည်ဖြစ်သည်။

**မြင့်မောင်စိုး**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၄**

ရန်ကုန်(ရွှေဈေး) ၁၀၃၇၀၀၀ - ၁၀၃၇၀၀၀　　မန္တလေး(ရွှေဈေး) ၁၀၃၇၀၀၀ - ၁၀၃၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၇၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၃၀/၉၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၄၀/၉၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၉၀/၉၀၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၉.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၈.၁၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၉၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၃၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၀.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၂၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၉.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၉၄၄၂၇



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်မှာကြားစဉ်။

☆ ရှေ့ဖုံးမှ

(၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်တွင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၉) ကို ကျင်းပခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုငွေများ ပြင်ဆင်အတည်ပြုရန် အစည်းအဝေးကို ထပ်မံခေါ်ယူရခြင်း ဖြစ်ပါကြောင်း။

**ဆွေးနွေးဆုံးဖြတ်**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်မတိုင်မီ ပေးပို့တင်ပြရမည်ဖြစ်သည့်အတွက် အချိန်မှာ အလွန်နီးကပ်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်ထောင်စုလွှတ်တော်သို့ အချိန်မီပေးပို့နိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို မိမိတို့ဒေသအတွက် ဟန်ပြဖြစ်စေမည့် လုပ်ငန်းမျိုး မဖြစ်စေဘဲ ဒေသခံပြည်သူများအတွက် အကျိုးရှိ ထိရောက်သည့် လုပ်ငန်းများတွင် အသုံးပြုသွားကြရန်၊ ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက စစ်ဆေးကြပ်မတ်စီမံဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**ထပ်မံသတိပေးလို**

ထို့ပြင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၉) တွင် ပြောကြားခဲ့သလို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သည့် တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းများအတွင်း လက်တစ်လုံးခြားလုပ်ကိုင်ဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်းကို ထပ်မံသတိပေးလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေအပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်ပြီး ထောက်ခံအတည်ပြုပေးပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

**ပြည်သူ့ဘဏ္ဍာဖြစ်သည့် ဘတ်ဂျက်ငွေများကို ကိုင်တွယ်အသုံးပြုရာတွင် ပြည်သူ့အကျိုးအတွက် စေတနာ မှန်ကန်ရန်၊ သုံးစွဲရာတွင် မှန်ကန်စနစ်ကျရန်နှင့် အရည်အသွေးများ စံချိန်စံညွှန်းမီရန် အထူးလိုအပ်**

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုကျင်းပသည့် အစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအကျိုးရှိ ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ငွေကိုသာ အတည်ပြုမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများ အပေါ် ပြင်ဆင်ပြောင်းလဲရန်မရှိပါကြောင်း။

**လိုငွေနှင့် ဂျီဒီပီအချိုး**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ရငွေ ငွေကျပ် ၂၁၈၆၈ ဘီလီယံ၊ သုံးငွေ ငွေကျပ် ၂၇၁၈၈ ဘီလီယံ၊ ဂျီဒီပီတန်ဖိုးငွေကျပ် ၁၀၅၇၂၆ ဘီလီယံ၊ အသားတင်လိုငွေ ငွေကျပ် ၅၃၂၀ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ဝ၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုငွေများအား အတည်ပြုပေးနိုင်ပါရန်နှင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း အပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ယနေ့ ဒုတိယအကြိမ်ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်ထောက်ခံ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီး ခွင့်ပြုထားသည့်ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၂၁ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထောက်ပံ့ရမည့်ငွေကျပ် ၃၉ ဘီလီယံတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပခဲ့သည့် (၁/၂၀၁၉)ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။

**သုံးသပ်အတည်ပြု**

ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ လိုအပ်လာသည့်အတွက် ငွေကျပ်ဘီလီယံ ၄၀ ကို ထပ်မံခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေမှာ ငွေကျပ် ၁၆၁ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ထောက်ပံ့ရမည့်ငွေမှာ ငွေကျပ် ၇၉ ဘီလီယံဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါငွေရပ်အား ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံမှုများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေအပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက မိမိတို့ ဆွေးနွေး အတည်ပြုထားသည့်အတိုင်း ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါကြောင်း။

**နိုင်ငံ့စီးပွားရေးကို အကျိုးပြု**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန်ဆိုသည်မှာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံးအနေဖြင့် တာဝန်သိမှုသာမက တာဝန်ယူမှု၊ တာဝန်ခံမှုတို့ အပြည့်အဝရှိကြရန် အရေးကြီးပါကြောင်း။

ပြည်သူ့ဘဏ္ဍာဖြစ်သည့် ဘတ်ဂျက်ငွေများကို ကိုင်တွယ်အသုံးပြုရာတွင် ပြည်သူ့အကျိုးအတွက် စေတနာမှန်ကန်ရန်၊ သုံးစွဲရာတွင် မှန်ကန် စနစ်ကျရန်နှင့် အရည်အသွေးများ စံချိန်စံညွှန်းမီရန် အထူးလိုအပ်ပါကြောင်း၊ ယခုထပ်မံခွင့်ပြုပေးရသည်မှာလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များအတွက် အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီး တိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအတွက် ဘတ်ဂျက်လျာထား ဆောင်ရွက်ရာတွင် စနစ်ကျနသည့် ဘတ်ဂျက်လျာထားမှုဖြစ်စေရန်၊ ရရှိသည့် ခွဲဝေချထားငွေကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရန်၊ ပြည်သူများ၏အကျိုးကို အထူးရှေးရှုပြီး စေတနာမှန်ကန်ဖြူစင်စွာ ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

**အကျိုးရှိထိရောက်စွာ စီမံ**

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲသုံးစွဲကြရန် အလေးအနက်မှာကြားလိုပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွေးနွေးပွဲ ကျင်းပစဉ်။

❍ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ** မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကူမင်းမြို့မှ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရောက်ရှိကြရာ ပေကျင်း မြူနီစီပယ် ပြည်သူ့ကွန်ဂရက် ဒုတိယအတွင်းရေးမှူးချုပ် Mr. Cui Xinjian၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ShangriLa Hotel သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြည်သူ့ခန်းမဆောင်ကြီး (Great Hall of the People) သို့ ရောက်ရှိကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်သူ့ခန်းမဆောင်ကြီး၌ နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆိုပါအစီအစဉ်အောက်မှ နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေးနှင့် တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းပြန်ကြားရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များ၊ တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် မြန်မာအစိုးရအား ယွမ်သန်း ၁၀၀၀ အကူအညီအထောက်အပံ့ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈-၄-၂၀၁၉ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၅-၂-၂၀၁၉ ရက်နေ့မှ ၈-၃-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ရှစ်ဦး၊ ပေါင်း ၁၀ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထား ၁၁ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၆၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၉၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၇၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၃၂၇ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံ ဖူးခက်၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ထိုင်းနိုင်ငံ ဖူးခက်၌ ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။




**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးသဘာပတိအဖြစ် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခေတ္တဝန်ကြီးနှင့် ဒုတိယဝန်ကြီး Ms. Chutima Bunyapraphasara တို့က ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်းနှင့် အာဆီယံဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ လမ်းညွှန်ခြင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ၂၀၁၉ ခုနှစ်တွင် အပြီးသတ်ညှိနှိုင်းရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်တို့ကို အလေးပေးဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်စပ်လျဉ်း၍ လက်ရှိအကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ စတုတ္ထအဆင့် စက်မှုပြုပြင်ပြောင်းလဲရေး(4IR) လုပ်ငန်းစဉ်များအပေါ် အာဆီယံနိုင်ငံများ၏ အသင့်ဖြစ်မှုအခြေအနေနှင့် လိုအပ်ချက်များ၊ စည်းမျဉ်းအခြေခံ နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဆက်လက်ဦးဆောင်နိုင်ရေးအတွက် လတ်တလောနှင့် ရေရှည်ပြုပြင်ပြောင်းလဲရန် လိုအပ်နေမှုများကို ဆွေးနွေးခဲ့သည်။ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများသို့ သွားရောက်လေ့လာမှုအစီအစဉ်အား မြန်မာနိုင်ငံက ၂၀၁၉ ခုနှစ်တွင် လက်ခံဆောင်ရွက်ရန် အတည်ပြုပြောကြားသည်။

**လက်မှတ်ရေးထိုး**

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၂ ရက်တွင် ကျင်းပခဲ့ရာ အာဆီယံစီးပွားရေး အကြံပေးကောင်စီက ယင်းတို့အဖွဲ့အစည်း၏ ၂၀၁၉ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးသည့် အာဆီယံနိုင်ငံများက အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်နှင့် အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တစ်ဦးချင်းမှအစ နိုင်ငံတကာစံများနှင့်အညီ စစ်ဆေးရေးလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။



**ပြည်သူ့အကျိုးစီးပွားကို ဦးတည်**

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍအသီးသီးတွင် ပြည်သူ၏ယုံကြည်မှုရရှိရန် အလွန်အရေးကြီးပါကြောင်း၊ ယုံကြည်မှုရရှိစေရန် အဓိကလိုအပ်ချက်မှာ ဂုဏ်သတင်းကောင်းရန်ဖြစ်ပါကြောင်း၊ ဂုဏ်သတင်းကောင်းရန်မှာ မိမိတို့တစ်ဦးချင်း၏ လုပ်ကိုင်နိုင်စွမ်းပကား၊ သိက္ခာသမာဓိနှင့် အများအကျိုးစီးပွားကို ဦးထိပ်ပန်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးစီ တစ်ယောက်စီမှစ၍ အားလုံးပါဝင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးအသီးသီး၏ ဂုဏ်သတင်းကောင်းရန် ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ချမှတ်ထားသည့်စံများအရ ဘဏ္ဍာရေးလောကနှင့် စာရင်းစစ်၊ စာရင်းကိုင်လောကတွင်လည်း ယုံကြည်မှုရရှိရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ သိက္ခာသမာဓိရှိမှု၊ လုံ့လဥဿာဟ စိုက်ထုတ်မှု၊ ပညာရှင်များ၏ ကျင့်ဝတ်နှင့်အညီ လျှို့ဝှက်ထားရှိမှုနှင့် ပြည်သူ့အကျိုးစီးပွားကို ဦးတည်၍ ကျယ်ပြန့်စွာ ထားရှိဆောင်ရွက်ရန် လိုအပ်မှုတို့ကို သိရှိပြီးဖြစ်ကြပါကြောင်း၊ ထို့အတွက် တစ်ဦးချင်းမှအစ ရုံး၏ဂုဏ်သတင်းကောင်းရန်အတွက် နိုင်ငံတကာစံများနှင့်အညီ စစ်ဆေးရေးလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

**ဆင့်ကဲဆင့်ကဲ ထိန်းသိမ်း**

စစ်ဆေးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကပါဝင်သည့်အချက်များမှာ ထိန်းချုပ်ကွပ်ကဲမှုဘောင်၊ စီမံခန့်ခွဲသူများ၏ ထိန်းချုပ်မှု၊ လုပ်ငန်းစီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ် ခန့်ခွဲမှု၊ ပစ္စည်းထုတ်လုပ်မှု၊ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုတို့ကို ဆိုင်ရာဌာနအတွင်း ပြန်လည်သုံးသပ်ခြင်း အပြင် ဌာနတွင်းစစ်ဆေးမှုများ၊ ပြင်ပစာရင်းစစ်ဆေးမှုနှင့် ပြင်ပပုဂ္ဂိုလ်များ၏ စစ်ဆေးအာမခံမှုတို့ ဖြစ်သည်။ စစ်ဆေးမှု အရည်အသွေးအာမခံချက်ရှိစေရေးအတွက် မိမိတို့ရုံးများအတွင်း ဆင့်ကဲဆင့်ကဲစိစစ်ကြီးကြပ်တင်ပြမှုများရှိသော်လည်း ရုံးအချင်းချင်း ပြန်လည်စိစစ်သုံးသပ်မှုသည်လည်း အရေးပါလှပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းတို့အတွက် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့်စံများနှင့်အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိထုတ်ပြန်ထားသည့် ညွှန်ကြားချက်များလည်း ရှိနေပါကြောင်း၊ စာရင်းစစ်ဆေးမှု အရည်အသွေး ပြည့်မီရန်အတွက် ရုံးအချင်းချင်း ပြန်လည်စိစစ်သုံးသပ်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များထံမှ အသေးစိတ်ဖော်ပြ အကြံဉာဏ်တောင်းယူဆောင်ရွက်ထားပြီးဖြစ်၍ ဆောင်ရွက်ရာတွင် ခက်ခဲမှုရှိမည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ ဤကိစ္စရပ်မှာ လုပ်ငန်းစွမ်းဆောင်မှု စွမ်းရည်တိုးတက်ရန်ဖြစ်ပြီး သိက္ခာသမာဓိတည်ဆောက်ရန်နှင့် စာရိတ္တကောင်းရန်အတွက်ဖြစ်သဖြင့် ဆင့်ကဲဆင့်ကဲ ထိန်းသိမ်းသွားရန်ဖြစ်ပါကြောင်း။

**လမ်းကြောင်းပြမြေပုံချမှတ်**

ထို့အတွက်ကြောင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းတစ်ခု ဖြစ်စေရန်အတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၉ ခုနှစ်တွင် စစ်ဆေးရေး လုပ်ငန်းအချို့အား ပုဂ္ဂလိကကဏ္ဍသို့ တာဝန်ပေးအပ်စစ်ဆေးစေခြင်းအတွက် စီစဉ်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကစာရင်းစစ်များအပေါ် အကဲဖြတ်မှုဆိုင်ရာ အချက်များလည်း ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်းနှင့် နိုင်ငံတကာ ပြည်သူ့ကဏ္ဍစာရင်းစံများ (IPSAS) ကျင့်သုံးနိုင်ရေးအတွက်လည်း ဦးတည်ချက်နှင့် လမ်းကြောင်းပြမြေပုံ ချမှတ်ပြီးဖြစ်ပါသဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်ပါကြောင်း။

**ဗဟုသုတများ မျှဝေ**

ယခုလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ အခက်အခဲများ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်စေရေးအတွက် စစ်ဆေးဖော်ထုတ်မှုများကို အချင်းချင်း အတွေ့အကြုံဗဟုသုတများ မျှဝေသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးဇူးတင်ပါတယ် BPI

ဦးဂါဂါ

ယခုနှစ် မတ်လကုန်လောက်ကစပြီး နေ့အပူချိန်တွေတိုးတိုးလာလိုက်တာ ဧပြီလ သင်္ကြန်ကာလအတွင်းမှာတောင် လက်ဆေးမိုးက မရွာ၊ အပူချိန်တွေသာ တိုးလာလိုက်တာ ၄၀ ဒီဂရီ စင်တီဂရိတ် အထက်သာ ရှိနေခဲ့သည်။

သက်ဆိုင်ရာက အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်တွေ၊ ကျန်းမာရေးသတိပေးမှုတွေ၊ သဘာဝဘေးကာကွယ်ရေးဆိုင်ရာတွေ အသိပေးထုတ်ပြန်နေတာကိုလည်း သတိထားမိသည်။

ပူပြင်းသော ယခုလိုရာသီကာလအတွင်း မမေ့နိုင်စရာဖြစ်ရပ်တစ်ခု ကျွန်တော်တို့မိသားစုတွင် ရှိခဲ့၊ ဖြစ်ပေါ်ခဲ့ဖူးပါသည်။

လွန်ခဲ့သော ၁၉၇၈ ခုနှစ်၏ သင်္ကြန်အတက်နေ့ ညနေခင်းဖြစ်ပါသည်။ နေအိမ်ခြံဝင်းအတွင်း နှစ်ဆန်း ၁ ရက်နေ့ အတာအိုးအတွက် အတာပန်းခူးရန် ဆင်းသွားသော အမေ့ထံမှ စူးစူးဝါးဝါးအသံကြားရပြီး အမေ အိမ်ပေါ် ဒုန်းစိုင်းပြေးတက်လာပါသည်။ နှုတ်မှလည်း 'ငါ့ကို ပိုးထိပြီ' ဟု တုန်လှုပ်စွာရွာမှ ကျန်းမာရေးမှူးကို ခေါ်ထားကြောင်း၊ ယခုဆေးရုံသွားရန် ယာဉ်၊ ရထား သွားရေးလာရေးအဆင်မပြေကြောင်း၊ မနက်မိုးလင်းမှ သွားရန် အမေ့ကိုနှစ်သိမ့်ပေးရင်း ကျန်းမာရေးမှူးအလာကို စောင့်နေခဲ့ပါသည်။ အမေ့အခြေအနေကို စိတ်တထင့်ထင့်စောင့်ကြည့်ရင်း ညဉ့်လယ်ရောက်ချိန်၌ ကျန်းမာရေးမှူးဆိုသူရောက်လာပြီး အမေ့ဒဏ်ရာကိုကြည့်ကာ သူ့တွင်ပါလာသော BPI ထုတ် တစ်လုံးတည်းသော မြွေဆိပ်ဖြေဆေး ထိုးနှံပေးပါသည်။ မြွေအမျိုးအစားမသိခြင်းကြောင့် ထိုးနှံပေးရန် မဝံ့မရဲဖြစ်နေသော ကျန်းမာရေးမှူးအား ကျွန်တော်တို့မိသားစုက အတင်းတောင်းပန်ထိုးနှံခဲ့ခြင်း ဖြစ်ပါသည်။

နောက်နေ့ နှစ်ဆန်း ၁ ရက်နေ့ မနက်အစော အမေ့ကိုခေါ်၍ ဝေါမြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ခဲ့ပါသည်။ ဆေးရုံမှ ဆရာဝန်ကြီးအား ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ဆက်လက်ကုသမှုပေးခဲ့ရာ အမေတစ်ယောက် မသေမပျောက်ဖြစ်ခဲ့ပါသည်။

'ကံကောင်းတယ်ဗျာ။ ရှေးဦးသူနာပြုစုပြောသဖြင့် အမေ့ ပိုးထိရာ ညာဘက်ခြေကျင်းဝတ်ကို ကြည့်လိုက်ပါသည်။ ပိုးထိဒဏ်ရာက သာမန်အားဖြင့် အစွယ်ရာနှစ်ပေါက်ရှိရမည့်အစား အမေ့ဒဏ်ရာက လေးပေါက်ဖြစ်နေသဖြင့် 'အမေ၊ စိတ်အေးအေးထား။ အမေ့ဒဏ်ရာက ပိုးထိဒဏ်ရာမဖြစ်နိုင်ဘူး' ဟု ကျွန်တော်စောဒကတက်မိရာ အမေက စိတ်ဆိုးမာန်ဆိုးဖြင့် 'ဟဲ့ ပထမတစ်ချက် စူးခနဲဖြစ်လို့ ငါက ခုန်လိုက်တာ။ နောက်တစ်ချက် ထပ်ပေါက်တာဟဲ့။ ငါကိုယ်တိုင်မြင်တာ ပိုးသေချာတယ်။ လုပ်ကြပါဦး' ဟု ဆိုသဖြင့် အဖေနှင့် မိသားစုများက အမေပိုးထိရာနေရာတစ်ဝိုက် အဆိုပါပိုးရှာရန် ထွက်သွားကြပါသည်။

ကျွန်တော်ကတော့ အမေ့ကို စိတ်အေးအေးထားဖို့ ဖျောင်းဖျရင်း တတ်သမျှမှတ်သမျှ ရှေးဦးသူနာပြုစုနည်းဖြင့်ပြုစုပြီး အခိုက် ပိုးရှာထွက်သောအဖေတို့ လက်ချည်းဗလာ အိမ်ပေါ်ပြန်တက်လာကြပါသည်။ ပိုးကား မတွေ့။ နေ့အပူချိန် ပူပြင်းသဖြင့် တစ်နေကုန်တွင်းအောင်းနေသော ပိုးက ညနေ နေစောင်းသည့် အေးသောအချိန် အပြင်ထွက်အစာရှာခိုက် အမေ့ကို ကိုက်မိခြင်းဖြစ်မည်ထင်ပါသည်။ အမေကတော့ သူ့ကို ဆေးရုံအမြန်ပို့ဖို့သာ တွင်တွင်ပြောနေပါတော့သည်။ ဟိုဘက်ထားတာရယ်၊ ကနဦး မြွေဆိပ်ဖြေဆေးထိုးထားတာရယ်ကြောင့် ခုလိုအသက်ရှင်တာ' ဟု ဆရာဝန်ကြီးက ပြောပါသည်။ အမေတစ်ယောက် အသက်ရှင်သန်ခွင့်ရ၍ အမေ တင်မက ကျွန်တော်တို့အားလုံး ဝမ်းသာကြရပါသည်။ အမေကတော့ သူ့အသက်ကယ်တင်ရှင် 'မြွေဆိပ်ဖြေဆေး' ကို တသသပြောဆိုမှုက အသက် ၈၀ အရွယ် သက်ကြီးရောဂါဖြင့် ကွယ်လွန်သည်အထိ ဖြစ်ပါတော့သည်။

ယခု နှစ်ဆန်း ၁ ရက်နေ့၌ နေအိမ်သန့်ရှင်းရေးလုပ်ရင်း သတင်းစာအဟောင်းလေးများကို လှန်လှောဖတ်ရှုမိပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ မတ်လ ၃၀ ရက်နေ့က ဆေးဝါးစက်ရုံ (အင်းစိန်) BPI သို့ ရောက်ရှိကြည့်ရှုသည့်သတင်းနှင့်အတူ လမ်းညွှန်မှာကြားချက်များအနက် **'မြွေဆိပ်ဖြေဆေးကို ပြည်တွင်းလိုအပ်ချက် ပြည့်မီရုံသာမက ပြည်ပတင်ပို့မှုကိုလည်း ပိုမိုအောင်မြင်စေရန် ကြိုးစားဆောင်ရွက်သွားရမည်'** ဟူသည့် လမ်းညွှန်မှာကြားချက်က အမေ့ကို သတိရ၊ အမှတ်ရမှုနှင့်အတူ အမေ့အသက် ကယ်တင်ရှင် ကျေးဇူးရှင် မြွေဆိပ်ဖြေဆေးနှင့်ဆက်စပ်၍ ကျေးဇူးတင်ဂုဏ်ပြုသည့် စာတစ်ပုဒ် ရေးသားကျေးဇူးတင်လိုသည့်ဆန္ဒ ဖြစ်ပေါ်ခဲ့ပါသည်။




စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)သည် အများပြည်သူများအကြား၌ BPI ဟု အသိများပြီး ဆေးဝါးဆိုလျှင် BPI မှ စိတ်ချရတယ်ဟု ဆိုရလောက်အောင် စက်ရုံထုတ် အစွမ်းထက်ဆေးဝါးများနှင့်ယှဉ်တွဲလျက် ထင်ရှားလှပါသည်။ စက်ရုံကြီးက ရန်ကုန်မြို့ အင်းစိန် ကြို့ကုန်းအရပ်တွင် တည်ရှိပြီး ၁၉၅၈ ခုနှစ်က ဖွင့်လှစ်တည်ထောင်၍ ၁၉၆၂ ခုနှစ်ကတည်းကပင် မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးဝါးများထုတ်လုပ်နေခဲ့ကြောင်း မှတ်သားသိရှိရပါသည်။

မြွေဆိပ်ဖြေဆေးသည် ကျန်းမာသန်စွမ်းသည့် မြင်း၏သွေးရည်ကြည်မှ ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့် အဆင့်ဆင့်ထုတ်ယူရရှိခြင်းဖြစ်ရာ ၁၉၅၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ မြင်းများကို တင်သွင်းမွေးမြူခဲ့ပါသည်။ သို့သော် ပြည်တွင်းဒေသခံမြင်းများကဲ့သို့ ရာသီဉတုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည် နည်းပါးခြင်း၊ ပြည်တွင်း မြွေမျိုးစိတ်၏ မြွေဆိပ်ဒဏ်ကို မခံနိုင်ခြင်းနှင့် ကုန်ကျစရိတ်မြင့်မားမှုတို့ကြောင့် ၁၉၉၉ ခုနှစ်တွင် ဟဲဟိုးမြင်းမွေးမြူရေးစခန်းနှင့် ၂၀၀၅ ခုနှစ်တွင် ရန်ပယ်မြင်းမွေးမြူရေးစခန်းများ တည်ထောင်ဖွဲ့စည်းမွေးမြူခဲ့သကဲ့သို့ လိုအပ်သည့်မြင်းများကိုလည်း ပြည်တွင်းဒေသအသီးသီးမှ ဝယ်ယူဖြည့်တင်းထားလျက် ရှိနေပါသည်။

မြင်းမွေးမြူမှုကို အစ၊ အလယ်၊ အဆုံး ဆောင်ရွက်ပါက ဆေးထုတ်လုပ်မှုစရိတ် မြင့်မားမှု၊ မြင်းဝယ်ယူရရှိမှုအခက်အခဲကြောင့် မြွေဆိပ်ဖြေဆေးလုံလောက်အောင် ထုတ်လုပ်နိုင်မှုမရှိခြင်းတို့အား ကျော်လွှားနိုင်ရေးအတွက် BPI ဆေးဝါးစက်ရုံမှ ပညာရှင်များက ပြည်ပအကူအညီမပါဘဲ သိုးမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကို ၂၀၁၀ ပြည့်နှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းက စက်ရုံသမိုင်းမှတ်တိုင်များအနက်မှ တစ်ခုအပါအဝင် ဖြစ်ပါသည်။




**အခြေခံပညာကျောင်းများ၌ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးစဉ်။**

**ဆေးထုတ်လုပ်မှုစရိတ် မြင့်မားမှု၊ မြင်းဝယ်ယူရရှိမှုအခက်အခဲကြောင့် မြွေဆိပ်ဖြေဆေး လုံလောက်အောင် ထုတ်လုပ်နိုင်မှုမရှိခြင်းတို့အား ကျော်လွှားနိုင်ရေးအတွက် BPI ဆေးဝါးစက်ရုံမှ ပညာရှင်များက ပြည်ပအကူအညီမပါဘဲ သိုးမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကို ၂၀၁၀ ပြည့်နှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းက စက်ရုံသမိုင်းမှတ်တိုင်များအနက်မှ တစ်ခုအပါအဝင်ဖြစ်**

၂၀၁၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံအစိုးရ (DEAT-GPFD Australia Department of Foreign Affair and Trade Government Partnership for Development)မှ Myanmar Snakebite Project ဖြင့် နည်းပညာအကူအညီနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းအကူအညီများရရှိခဲ့ခြင်း၊ ဘရာဇီးနိုင်ငံအစိုးရ Brazil Cooperation Agency ၏ ထောက်ပံ့မှုဖြင့် Instituto Butantan မှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ နည်းပညာများရရှိခဲ့ခြင်းတို့က မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတိုးတက်ရန် အထောက်အကူများစွာဖြစ်စေခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးစက်ရုံသစ် ( New Snake Anti Venom Production Plant ) အား ထပ်မံတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ကာ အရည်အသွေးကောင်းမွန်သည့် မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်နိုင်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



**မြွေဆိပ်ထုတ်ယူနေမှုအား တွေ့မြင်ရစဉ်။**

# မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ငွေကြေးအရ နစ်နာမှုမရှိကြောင်းနှင့် ဆန်များဖျက်ဆီးခံရခြင်းအပေါ် တာဝန်မရှိကြောင်း တွေ့ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက် )**

**မြန်မာနိုင်ငံမှ တင်ပို့ခဲ့သည့် ဆန်တန်ချိန် (၁၈၀၀၀) ကို အိုင်ဗရီကို့စ် အာဏာပိုင်များက စားသုံးရန် မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည့်ကိစ္စ**

၁။ မြန်မာနိုင်ငံမှ တင်ပို့ခဲ့သော ဆန်တန်ချိန် (၁၈၀၀၀) ကို **အိုင်ဗရီကို့စ် အာဏာပိုင်များက** စားသုံးရန်မသင့်ဟု ကြေညာ၍ ဖျက်ဆီးခဲ့သည်ဟု ပြည်ပသတင်းဌာနများတွင် မကြာသေးမီက ဖော်ပြခဲ့ပါသည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဆန်များမှာ Olam International Co.,Ltd က အာဖရိကတိုက်ရှိ ဂီနီ(Guinea) သို့ ဆန်တင်ပို့ရန် မြန်မာကုမ္ပဏီ (၃) ခု ဖြစ်သော ရွှေဝါရောင်ကုမ္ပဏီမှ တန် (၁၃၅၀၀)၊ Myanmar Economic Corporation Co.,Ltd မှ တန် (၈၀၀၀) နှင့် ရောဟသ်ာကုမ္ပဏီမှ တန် (၅၀၀) စသည်ဖြင့် သင်္ဘောပေါ်အရောက်စျေးနှုန်း (FOB) ဖြင့် ဝယ်ယူခဲ့သည့် ဆန်များဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ၎င်းဆန်များအား တင်ဆောင်မည့် MV Ocean Princess သင်္ဘောသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဆန်တန်ချိန် (၂၂၀၀၀) ခန့်ကို အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီ၏ စစ်ဆေးအတည်ပြုချက်ဖြင့် တင်ဆောင်၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထွက်ခွာသွားခဲ့ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ ဆိပ်ကမ်း၌ ဆန်တန်ချိန် (၁၄၀၀၀) အား ထပ်မံတင်ဆောင်ခဲ့ပြီး ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်၌ ဆိုက်ရောက်ခဲ့ပါသည်။

၄။ ဂီနီနိုင်ငံရှိ Conakry ဆိပ်ကမ်းတွင် ၎င်းသင်္ဘောမှ ဆန်တန်ချိန် (၄၀၀၀) ခန့် ချအပြီး ဆန်အိတ်အချို့တွင် အလေးချိန်မပြည့်သည့် အကြောင်းပြချက်ဖြင့် ဆက်လက် လက်မခံခဲ့သဖြင့် တိုဂိုနိုင်ငံ (Togo) တွင် ရောင်းချရန် သွားရောက်ခဲ့ရာ ယင်းနိုင်ငံမှလည်း ထပ်မံ၍ ငြင်းပယ်ခံခဲ့ရပါသည်။ ၎င်းမှ ဆက်လက်ထွက်ခွာခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံ၊ အဘီဂျန် (Abidjan) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

၅။ အဆိုပါ ဆန်များအား မြန်မာနိုင်ငံသို့ ပြန်လည်တင်ဆောင်နိုင်ရန် Olam International Co.,Ltd ကိုယ်စားလှယ်များက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် လာရောက်တွေ့ဆုံတင်ပြခဲ့မှုအရ စုစုပေါင်း ဆန်တန်ချိန် (၁၈၁၀၄.၅၅) တန်အား ပြန်လည်သယ်ယူနိုင်ရန် Repair & Return စနစ်ဖြင့် သွင်းကုန်ပါမစ် (၃) စောင် ထုတ်ပေးခဲ့ပါသည်။

၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်းဆန်များ ပြန်လည်ရောက်ရှိလာပါက မည်သည့်အတွက်ကြောင့် ပြန်လည်တင်ပို့ခံခဲ့ရခြင်းဖြစ်သည်ကို စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စိစစ်ရန် စီစဉ်ခဲ့ပါသည်။

၇။ သို့သော် ၎င်းသင်္ဘောမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ခြင်းမရှိဘဲ မြန်မာ့ဆန်များ စားသုံးရန်မသင့်၍ အိုင်ဗရီကို့စ်၌ ဖျက်ဆီးခဲ့ကြောင်း ပြည်ပသတင်းဌာနများက ဖော်ပြခဲ့ရာ မြန်မာ့ဆန်များ၏ နာမည်ကောင်းကို ထိခိုက်စေခဲ့ပါသည်။

၈။ ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဆန်များ ရောင်းချခဲ့သည့် ပြည်တွင်းကုမ္ပဏီများနှင့် သင်္ဘောတင်မှုတွင် အရည်အသွေးစစ်ဆေးသည့်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့ရာ ယင်းဆန်များကို စာချုပ်ပါ အရည်အသွေး အလေးချိန်များအတိုင်း ဆန်တင်ပို့မှုတွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိသည့် ကုမ္ပဏီများမှရောင်းချခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအရည်အသွေးစစ်ဆေးသည့် ကုမ္ပဏီများကလည်း ယင်းဖြစ်ရပ်မျိုး ယခင်က ဖြစ်ပွားခဲ့ခြင်းမျိုးမရှိခဲ့ကြောင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာ၍ သင်္ဘောတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြခဲ့ကြပါသည်။

၉။ မြန်မာ့ဆန်များ၏ အရည်အသွေးကို တာဝန်ခံနိုင်ကြောင်းနှင့် FOB စနစ်ဖြင့် ဝယ်ယူခဲ့သည့် ကုမ္ပဏီအနေဖြင့် သင်္ဘောတင်စဉ်မှ ကုန်ပစ္စည်းချသည့်အချိန်အထိ (၇) လကျော်ကြာမြင့်ခဲ့ခြင်းနှင့် သင်္ဘောတင်ချိန်နှင့် သင်္ဘောပေါ်တွင် ရေငွေ့ဝင်ခြင်းများကြောင့်သာ ဆန်အရည်အသွေး ထိခိုက်မှုဖြစ်နိုင်ကြောင်း ဆန်များ ရောင်းချခဲ့သည့် ကုမ္ပဏီများ၏ တင်ပြချက်အရ သိရှိရပါသည်။

၁၀။ အထက်ပါ ဆန်ရောင်းချခဲ့သည့် မြန်မာကုမ္ပဏီ (၃) ခုသည် FOB (ရန်ကုန်) စနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ရာ FOB စနစ်အရ **"ကုန်ရောင်းသူသည် ရောင်းချမည့် ကုန်ပစ္စည်းကို တင်ပို့ရမည့် သင်္ဘောပေါ်သို့ ရောက်ရှိသည်အထိ တင်ပို့ပေးရန်တာဝန်ရှိပြီး ဝယ်သူသည် ကုန်ပစ္စည်းသင်္ဘောပေါ်သို့ ရောက်ရှိပြီးသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်"** ဖြစ်သဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ငွေကြေးအရ နစ်နာမှုမရှိကြောင်းနှင့် ဆန်များဖျက်ဆီးခံရခြင်းအပေါ် တာဝန်မရှိကြောင်း တွေ့ရှိရပါသည်။

၁၁။ ယင်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာ့ဆန်များ တင်ပို့သည့်စျေးကွက်ကို ထိခိုက်မှုမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ (၁၉) ရက်နေ့အထိ ပို့ကုန်လိုင်စင်ခွင့်ပြုထားသည့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် (၂၇၉၉၅) တန်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် (၁၁၉၀) တန်၊ ဆန်ကွဲ (၁၁၅၀) တန်၊ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် (၁၅၂၇၁) တန်၊ ဆန်ကွဲ (၁၉၀၁၀) တန် တို့ကို ပုံမှန်အတိုင်း ဆက်လက်တင်ပို့လျက်ရှိပါသည်။

၁၂။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများပါဝင်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ဆန်တင်ပို့သည့် ကုမ္ပဏီများ၊ အရည်အသွေးစစ်ဆေးသည့် Bureau Veritas ကုမ္ပဏီနှင့် ဆန်ဝယ်ယူသည့် Olam International Co., Ltd တို့ကို အသေးစိတ် စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# Doing Business Website Content Management

## သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၂၄**

Doing Business Website Content Management သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က Doing Business Website Content Management သင်တန်းအား World Bank Group (IFC) ၏ အကူအညီဖြင့် Information Matrix က လာရောက်ပို့ချခြင်းဖြစ်ကြောင်း၊ အညွှန်းကိန်းများတွင် ပါဝင်သည့် အစိုးရဌာနများမှ ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုများကို စီးပွားရေးလုပ်ငန်းရှင်များ လွယ်ကူလျင်မြန်စွာ သိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများ၏ Website များတွင်သာမက Ease of Doing Business ဆိုင်ရာလုပ်ငန်းစဉ်များအား သီးသန့်လွယ်ကူစွာ သိရှိနိုင်စေရန်အတွက် သီးသန့် Website ကို တည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ myanmar doingbusiness.org Website ကို ထူထောင်နိုင်ရေးအတွက် သင်တန်းသားများ ခေါ်ယူကာ Website Content Management သင်တန်းပေးရခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ Doing Business အဆင့်မြင့်မားလာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏အဆင့်ရမှတ်များ မြင့်တက်လာရေးအတွက် အရေးပါသည့် အခန်းကဏ္ဍ တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး Information Matrix မှ တာဝန်ရှိသူတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ် မကျရောက်ရေး အိုဇုန်းလွှာကိုထိန်းသိမ်းပေး**

## ရေဖိအားလျော့နည်းကျဆင်းမှုအခြေအနေ တင်ပြချက်

ရန်ကုန်မြို့တော်သို့ သောက်သုံးရေစဉ်ဆက်မပြတ်ပေးဝေရန်အတွက် လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်ရေလှောင်ကန်နှင့် ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေအား၊ လျှပ်စစ်ဓာတ်အား အသုံးပြုပြီး ရေတွန်းစက်ကြီးများလည်ပတ်မောင်းနှင်၍ မြို့နယ်အသီးသီးသို့ ရေပေးဝေလျက်ရှိပါသည်။ ရေလှောင်ကန်ကြီးများ၏ ရေသိုလှောင်မှုအနေဖြင့် ယခင်နှစ်ကထက် လှော်ကားကန်တွင် ကန်ရေအမြင့် ၁၃ လက်မခန့်၊ ဖူးကြီးကန်တွင် ကန်ရေအမြင့် နှစ်လက်မခန့်၊ ဂျိုးဖြူကန်တွင် ယခင်နှစ်ကန်ရေချိန်အတိုင်း သိုလှောင်ပေးဝေနိုင်ပါ၍ ယခုနှစ်နွေရာသီ ရေလိုအပ်ချက်အား ပြည့်မီလုံလောက်စွာပေးဝေနိုင်ပါသည်။ မြို့နယ်အသီးသီးရှိ ထပ်ဆင့်ရေတွန်းစက်ရုံများဖြစ်သည့် ပါရမီရေတွန်းစက်ရုံ၊ ကျိုက္ကဆံရေတွန်းစက်ရုံ၊ ဂန္ဓမာရေတွန်းစက်ရုံ၊ မြို့ဦးရေတွန်းစက်ရုံ၊ ရေနံ့သာရေတွန်းစက်ရုံ၊ သုဝဏ္ဏရေတွန်းစက်ရုံ၊ ရွှေအင်ကြင်းရေတွန်းစက်ရုံ၊ ဘုရင့်နောင်ရေတွန်းစက်ရုံ၊ ရွှေပေါက်ကံရေတွန်းစက်ရုံ၊ သဲဖြူရေတွန်းစက်ရုံ၊ ရန်ကုန်ပေါက်ရေတွန်းစက်ရုံ၊ ဒလရေတွန်းစက်ရုံ၊ ဒဂုံတောင်ရေတွန်းစက်ရုံအမှတ်(၁)၊ ဒဂုံတောင်ရေတွန်းစက်ရုံအမှတ်(၂)၊ ယုဇနဥယျာဉ်မြို့တော် ရေတွန်းစက်ရုံ အစရှိသည့် ရေတွန်းစက်ရုံများနှင့် မြေအောက်ရေပေးရေးစနစ်မှ ရေတွန်းစက်ရုံများ၊ ထပ်ဆင့်ရေတွန်းစက်ရုံများဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးသို့ ရေဖြန့်ဖြူးပေးဝေလျက်ရှိပါသည်။ ထိုသို့ ပေးဝေလျက်ရှိသော်လည်း ရာသီဥတုပူပြင်းခြောက်သွေ့၍ ရေသုံးစွဲမှုများပြားလာခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခြင်းတို့ကြောင့် ရေဖိအားလျော့နည်းကျဆင်းမှုများ လတ်တလော ဖြစ်ပေါ်လျက်ရှိပါ၍ ရေချွေတာစုဆောင်းအသုံးပြုနိုင်ကြပါရန်နှင့် ရေလိုအပ်ချက်ရှိပါက အောက်ပါဖုန်းအမှတ်များသို့ ဆက်သွယ်တောင်းခံနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်-

| | | |
|---|---|---|
| (က) အရှေ့ပိုင်းခရိုင်ရုံး | - | ၀၉-၂၅၀၂၈၃၈၂၃ |
| (ခ) အနောက်ပိုင်းခရိုင်ရုံး | - | ၀၉-၂၅၀၂၈၃၈၁၂ |
| (ဂ) တောင်ပိုင်းခရိုင်ရုံး | - | ၀၉-၅၀၅၄၅၆၅ |
| (ဃ) မြောက်ပိုင်းခရိုင်ရုံး | - | ၀၉-၂၅၃၈၃၅၂၇၅ |

**ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံတွင် သင်တန်းတက်ရောက်နေသော တပ်မတော်အရာရှိများအား တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံတွင် သင်တန်းတက်ရောက်နေသော တပ်မတော်အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၂၃ ရက် နံနက်ပိုင်းတွင် Radisson Collection ဟိုတယ်၌ Zvezda ရုပ်သံဌာနမှ သတင်းထောက်အားလက်ခံတွေ့ဆုံပြီး မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်စကိုမြို့ရှိ Main Direction of National Information Agency Russia သို့ ရောက်ရှိပြီး သတင်းဌာနအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Russia Today သတင်းဌာနမှ သတင်းထောက်များ၏မေးမြန်းမှုများအား ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း၊ ပါရဂူသင်တန်းနှင့် Doctor of Science သင်တန်းများ တက်ရောက်နေသော တပ်မတော်အရာရှိများအား မော်စကိုမြို့ရှိ Radisson Collection ဟိုတယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအလိုက်ကိုယ်စားလှယ်အရာရှိများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညပိုင်းတွင် Radisson Collection ဟိုတယ်၌ (၈)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့တက်ရောက်သည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်စကိုမြစ်တွင်းသွားသင်္ဘောဖြင့် မော်စကိုမြို့၏ ညအလှရှုခင်းများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ဌာန |
|---|---|
| (၁) ဦးမျိုးဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) ဦးဝင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန |

**○ ကျောဖုံးမှ**

ယင်းနောက် ပထမပိုင်းမျက်နှာစုံညီအစည်းအဝေးအား "မျက်မှောက်ကာလ ကမ္ဘာ့လုံခြုံရေး- ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အခြေခံအကြောင်းအရင်းများနှင့် ပြောင်းလဲဖြစ်ပေါ်လာနိုင်သော အလားအလာများ" ခေါင်းစဉ်ဖြင့်ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "အင်ဒို-ပစိဖိတ်ဒေသတွင်း စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာအလားအလာများ" ခေါင်းစဉ်ဖြင့်ပါဝင်ဆွေးနွေးသည်။

**စီးပွားရေးအရအရေးပါသောဒေသဖြစ်လာ**

ထိုသို့ဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပထဝီနိုင်ငံရေးအရ အင်ဒို- ပစိဖိတ်ဒေသသည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်လာမှုနှင့် အခွင့်အလမ်းများအတွက် အဓိကအချက်အချာနေရာဖြစ်သော်လည်း တစ်ဖက်တွင် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့၌ စိုးရိမ်ပူပန်မှုများရှိနေဆဲဖြစ်ကြောင်း၊ ၂၁ ရာစုတွင် အင်ဒို-ပစိဖိတ်ဒေသအား တစ်ကမ္ဘာလုံးမှ အာရုံစိုက်မှုပိုမိုများပြားလာခဲ့ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများ၊ ဒီမိုကရေစီထွန်းကားသည့်နိုင်ငံများနှင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အင်ဒိုနီးရှားကဲ့သို့သော လူဦးရေများပြားသည့်နိုင်ငံများတည်ရှိနေခြင်းကြောင့် ယနေ့နိုင်ငံတကာရေးရာများတွင် အာရုံစိုက်ခံရဆုံးနှင့် အရေးပါဆုံးသောဒေသအဖြစ်သို့ ရောက်ရှိနေကြောင်း၊ အင်ဒို- ပစိဖိတ်ဒေသအတွင်း၌ နိုင်ငံအချို့၏ စစ်ရေးအရလွှမ်းမိုးနိုင်ရန် ကြိုးစားလာမှုများသည် ဒေသတွင်းနိုင်ငံများအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေကြောင်း၊ ကမ္ဘာ့အရေးပါဆုံး စွမ်းအင်ဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ပေးနိုင်ခြင်းသည် နိုင်ငံအားလုံးအတွက် အရေးကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ရာအဓိကလမ်းကြောင်းသည် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ကျော်ရသည့်အတွက် စီးပွားရေးအရအရေးပါသော ဒေသတစ်ခုဖြစ်လာသည်ကိုတွေ့ရှိရကြောင်း။

**ဆွေးနွေးပြောကြား**

အင်ဒို- ပစိဖိတ်ဒေသတွင်ဖြစ်ပေါ်နေသော ပင်လယ်ဓားပြတိုက်ခိုက်မှုများအား နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့သော်လည်း ပင်လယ်ရေကြောင်းဆိုင်ရာခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်ကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသတွင် လူမှောင်ခိုကူးခြင်းနှင့် မူးယစ်ဆေးဝါး တရားမဝင်ဖောက်ကားရောင်းဝယ်ခြင်းတို့ကိုလည်း အခြားသောနိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများအဖြစ်တွေ့ရှိရကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ ပင်လယ်ဓားပြမှုများနှင့် အကြမ်းဖက်မှုများအကြားကြီးမားသည့်ဆက်နွှယ်မှုများသည် အင်ဒို - ပစိဖိတ်ဒေသတွင် ရှုပ်ထွေးသောသမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကောင်းမွန်သော စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် ဒေသအတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အချုပ်အခြာ၊ နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံများအားလုံး၏ တန်းတူညီမျှမှုတို့ကိုသာအခြေခံပြီး နိုင်ငံ၏အရွယ်အစားနှင့် လူဦးရေကိုထည့်သွင်းစဉ်းစားခြင်းမပြုသည့် စည်းမျဉ်းကိုအခြေခံသော လုပ်ဆောင်ချက်များကိုတစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအားလုံးများအားလုံးအတွက် သော်လည်းကောင်း ကျင့်သုံးရန်လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့်တွေ့ဆုံ၍ (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ ကျင်းပပြုလုပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် တပ်မတော်အရာရှိကြီးများသည် မေ ၂၃ ရက်နံနက်ပိုင်းတွင် မော်စကိုဒေသရှိ ကူဘင်ကာမျိုးချစ်ပန်းခြံသို့ သွားရောက်၍ ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်သမားများအား နှိမ်နင်းရာတွင် ရုရှားတပ်မတော်မှအသုံးပြုခဲ့သော ယာဉ်ယန္တရားများနှင့် လက်နက်ပစ္စည်းများပြခန်း၊ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် ယာဉ်ယန္တရားများနှင့် လက်နက်ပစ္စည်းများပြခန်း၊ ဒုတိယကမ္ဘာစစ်အတွင်းအသုံးပြုခဲ့သော ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် တင့်ကားများနှင့် ဂျာမန်နိုင်ငံမှအသုံးပြုခဲ့သည့် တင့်ယာဉ်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ဖိတ်ကြားခံခဲ့ရ**

(၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (8th Moscow Conference on International Security) သို့ ရုရှားနိုင်ငံမှ Doctor of Science ဘွဲ့ရရှိထားသော ဒုတိယဗိုလ်မှူးကြီး တင်ဘုန်းကျော်အား Making Decisions in Air Traffic Control စာအုပ်ရေးသားပြုစုထုတ်ဝေခဲ့သည့်အတွက် လေကြောင်းလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဖိတ်ကြားခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီးမျိုးကျော်သူအား "Color" Revolutions and " Hybrid" Warfare .. General and Spacifice Features ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခံခဲ့ရကြောင်း၊ ယခုအခါ အဆိုပါအရာရှိကြီးနှစ်ဦးမှာ (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်းစု၌ အသက်(၄၀)နှစ်နှင့်အထက်ရှိသူများအား ကူးစက်ရောဂါမဟုတ်သောရောဂါများ အခမဲ့ကုသပေး

**ကျွန်းစု မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် မကူးစက်နိုင်သောရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကူးစက်ရောဂါမဟုတ်သောရောဂါများ အခမဲ့ကုသခြင်းကို ယနေ့နံနက် ၉ နာရီက ကျွန်းစုမြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကုသပေးခဲ့ကြောင်း သိရသည်။

ကုသရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး- ၁ ဒေါ်မျိုးမျိုးလှိုင်၊ ကျန်းမာရေးမှူး - ၃ ဒေါ်သဲဝေမိုးနှင့် သားဖွားဆရာမများက အသက်(၄၀)နှစ်နှင့်အထက်ရှိသူများကို ကိုယ်အလေးချိန်ချိန်ခြင်း၊ အရပ်အမြင့်တိုင်းခြင်း၊ သွေးပေါင်တိုင်းခြင်း၊ ဆီးချိုသွေးချိုစစ်ခြင်း၊ အခြားသောရောဂါများ စစ်ဆေး၍ ကုသဆေးများအခမဲ့ပေးကာ ကုသပေးလျက်ရှိသည်။

နှလုံး၊ ဆီးချို၊ သွေးတိုး၊ အာရုံကြောအားနည်း စသည့် မကူးစက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အအုံ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်



**ရန်ကုန် မေ ၂၄**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ပြောင်းရွှေ့ဖွင့်လှစ်မည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ်(၆၀၄/၆၀၈)ရှိ အဆောက်အအုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လတာကာလအတွင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါ အဆောက်အအုံ၌ တာဝန်ရှိသူများက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ရှေးဦးစွာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအခြေအနေအရ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စာကြည့်တိုက်လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ တတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းဆောင်ရွက်မှုများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အထူးစီးပွားရေးဇုန် မြန်မာ-ထိုင်းနယ်စပ် ထီးခီးသို့ ထိုင်းနိုင်ငံ NEDA မှ ချေးငွေရယူကာ အဆင့်မြှင့်တင်ဖောက်လုပ်မည့် နှစ်လမ်းသွားကတ္တရာကားလမ်း တည်ဆောက်ရေးအတွက် လေ့လာဆန်းစစ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ် ၁၆/၅ ဖာလုံတွင် လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လေ့လာဆန်းစစ်မှုအခြေအနေများနှင့် လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို တွေ့ဆုံမေးမြန်းသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ထားဝယ်အထူးစီးပွားရေးဇုန်၊ One Stop Service Centre ၌ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ကော်မတီအနေဖြင့် မြေပြင်တွင် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး One Stop Service Centre ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ထားဝယ်အထူးစီးပွားရေးဇုန် ရှင်းလင်းဆောင်၊ သုည ဒသမ ဝဝ ကီလိုမီတာ မှတ်တိုင်နှင့် ဆိပ်ကမ်းငယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၄**

အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Hon.Rodolfo C. Severino သည် မေ ၁၉ ရက် သောကြာနေ့တွင် ကွယ်လွန်သွားသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်း အမှတ် (၂၁)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးသို့ သွားရောက်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဖွင့်လှစ်ထားရှိသည့် စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖိလစ်ပိုင်နိုင်ငံ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Hon.Rodolfo C. Severino သည် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အာဆီယံအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**



# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှု ပြုလုပ်မည်

**ရန်ကုန် မေ ၂၄**

ဒါရိုက်တာ Midi Z ၏ Ice Poison ဇာတ်ကားကို မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၅) ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ပဲခူးမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ

**ပဲခူး ဧပြီ ၂၄**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။

**ပင့်ဆောင်ပူဇော်**

ရှေးဦးစွာ ယနေ့နံနက် ၅ နာရီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား သထုံမြို့ ရွှေစာရံစေတီ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ဌာနဆိုင်ရာများ၊ ရွှေစာရံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက မွန်ပြည်နယ် သထုံမြို့မှ ပဲခူးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စစ်တောင်းတံတား (မုပ္ပလင်)တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် ဦးညွန့်ရွှေနှင့် ဒေါ်ညွန့်ညွန့်ဌေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ ဌာနဆိုင်ရာများ၊ ရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံသို့ ကြိုဆိုပင့်ဆောင်ကြရာ လမ်းကြောင်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

**နာယူကြည်ညို**

ယနေ့ည ၇ နာရီခွဲတွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် "မေတ္တာလွှမ်းမှ ငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံ တရားချစ်ခင် သူတော်စင်များက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

**ဟန်လင်းနိုင်**



# ကော့သောင်းမြို့နယ်ရှိ ကျွန်းများတွင် တရုတ်နိုင်ငံမှ Docudrama ရိုက်ကူးရေးအဖွဲ့များ Variety Show Program လာရောက်ရိုက်ကူး

**ကော့သောင်း ဧပြီ ၂၄**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ကျွန်းများတွင် တရုတ်နိုင်ငံမှ ခရီးသွားမှတ်တမ်းနှင့် ဖျော်ဖြေရေး (Docudrama) ရိုက်ကူးရေးအဖွဲ့သည် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ဒေသန္တရသမိုင်းကြောင်း၊ လူနေမှုဓလေ့စရိုက်နှင့် သဘာဝရှုခင်းများကို နောက်ခံထားပြီး ရိုက်ကူးခဲ့ကြသည်။

**လှည့်လည်ရိုက်ကူး**

ထိုသို့ ရိုက်ကူးမှုကို ကော့သောင်းမြို့နယ်အတွင်းရှိ စေတန်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ဗီလာကျွန်း၊ မြင်းခွာကျွန်းနှင့် ကြက်မောက်ကျွန်းများတွင် တရုတ်နိုင်ငံမှ Exploring Myanmar Culture & Tourism Organization နှင့် ရိုက်ကူးရေးအဖွဲ့များ ပူးပေါင်း၍ သရုပ်ဆောင်လေးဦး အပါအဝင် အင်အား ၁၁၈ ဦးဖြင့် Variety Show Program ကို လှည့်လည်ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအဖွဲ့အနေဖြင့် ဧပြီ ၁ ရက်မှ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပုဂံဒေသရှိ ရွှေစည်းခုံနှင့် အာနန္ဒာဘုရား၊ သရပါတံခါးနှင့် မဏိစည်သူဈေးတို့တွင် လည်းကောင်း၊ ဧပြီ ၅ ရက်မှ ၇ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသရှိ နိုဗိုတယ်ဟိုတယ်၌ တည်းခိုနေထိုင်မှုများ၊ ညောင်ရွှေမြို့ ဘောလုံးကွင်းတွင် ကျင်းပသည့် Inle Dreaming Music Festival ၌ သီဆိုဖျော်ဖြေမှုများ၊ ညောင်ရွှေမြို့ဈေးတွင် ကြက်ကြော်ရောင်းချမှုတို့ကို လည်းကောင်း၊ ဧပြီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားတွင် ဘုရားဖူးမြော်ကြည်ညိုမှုများ၊ လမ်းလျှောက်သင်္ကြန်များတွင် ရေကစားနေမှုများ၊ မဟာဗန္ဓုလပန်းခြံ ဝန်းကျင်နှင့် ကန်တော်ကြီးပန်းခြံမှ မြင်ကွင်းများ၊ လူပ်ရှားသွားလာနေမှုများ၊ harky စားသောက်ဆိုင်နှင့် Burma Bistro စားသောက်ဆိုင်များတွင် ပြင်ဆင်ရောင်းချမှုနှင့် စားသောက်မှုများကို လည်းကောင်း လှည့်လည်ရိုက်ကူးခဲ့ကြသည်။



**တိုးတက်မှုရှိလာ**

မြန်မာနိုင်ငံ၏ သဘာဝရှုခင်းများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်မှုများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ပျော်ရွှင်မှုနှင့် အေးချမ်းသာယာမှု စသည့် အခြေအနေမှန်များကို နိုင်ငံတကာမှသိရှိပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်ရှင်နှင့် ဗီဒီယိုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ့ပုံရိပ် မြှင့်တင်နိုင်ရန် စသည့် ရည်ရွယ်ချက်များစွာဖြင့် ပြည်ပမှ ရုပ်ရှင်နှင့် ခရီးသွားမှတ်တမ်း လာရောက်ရိုက်ကူးမှုများ အဆင်ပြေချောမွေ့စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ပင်တိုင်ထား၍ ဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ပြီး ရုပ်ရှင်ရိုက်ကူးရေးဝန်ဆောင်ခနှင့် ရိုက်ကွင်းကြေးများကို ယခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး နှုန်းထားလျှော့ချမှု အပါအဝင် တည်းခိုသွားလာမှုများမှ စ၍ ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်ပမှ ခရီးသွားမှတ်တမ်း ရိုက်ကူးမှုများအပါအဝင် ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးမှုများအထိ တိုးတက်မှုရှိလာကြောင်း သိရသည်။

**မျိုးမြင့်အောင်(FDC)**



# မြန်အောင်၌ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ



**မြန်အောင် ဧပြီ ၂၄**

မြန်အောင်မြို့ အောင်ဇေယျခန်းမတွင် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ပြည်သူ့စကားဝိုင်း အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ဒီမိုကရေစီစနစ်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုလုပ်ငန်းစဉ်များအကြောင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချို၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား မြန်အောင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်ညွန့်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမြစန္ဒာ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်လင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူး ဦးဇေမင်းမင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ငြိမ်းချမ်းရေးဖော်ဆောင်မှု အရပ်ဘက်အဖွဲ့အစည်း တိုင်းဒေသကြီးတာဝန်ခံ ဦးလှထွန်းအောင်တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

**တက်ရောက်**

ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများနှင့်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၄၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဧပြီ ၂၄**

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ရေဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက အဖွင့် အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထိုက်ထိုက်စိုး၊ ကျေးလက်လမ်းဦးစီးအရာရှိ ဒေါ်ခင်မာဝေ၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာယုဝေနှင့် သမဝါယမဦးစီးဌာနတာဝန်ခံစာရေး ဒေါ်ချိုချိုတို့က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် ဌာနလုပ်ငန်းများအကြောင်းကို အသီးသီးဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ပြည်သူများက ကျေးရွာအတွက် ထပ်မံလိုအပ်သည့် အကြောင်းအရာများကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ကြာအင်းဆိပ်ကြီး ဧပြီ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀နာရီက ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအုပ်စု သံပုရာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းကို ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောထူးကပေါ်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းကြည်က ပြည်သူ့စကားဝိုင်းကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက်ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးဦးစီးဌာနမှ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးအေးသိန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝေလင်းညွန့်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဦးချစ်ဦးမောင်နှင့် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောထူးကပေါ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ ဆွေးနွေးရန် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**



12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး







➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။

➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ခေါင်းဆောင်ကင် ရုရှားနိုင်ငံသို့ ရောက်ရှိ



**မော်စကို မေ ၂၄**

ရုရှား-မြောက်ကိုရီးယား ပထမအကြိမ် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဗလာဒီဗိုစတော့ခ်မြို့သို့ ယနေ့ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များက ထိပ်သီးအစည်းအဝေး၌ ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအပါအဝင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဗလာဒီဗိုစတော့ခ်မြို့သို့ ရထားဖြင့် ရောက်ရှိစဉ် ခေါင်းဆောင်ကင်အား ရုရှားအဆင့်မြင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခမ်းနားစွာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် ခေါင်းဆောင်ကင်က ထိပ်သီးအစည်းအဝေးကျင်းပမည့် တက္ကသိုလ်နယ်မြေရှိရာ ကျွန်းသို့ မော်တော်ကားဖြင့် သွားရောက်ခဲ့ကြောင်း သိရသည်။

သမ္မတ ဗလာဒီမာပူတင်နှင့် ခေါင်းဆောင်ကင်တို့သည် မေ ၂၅ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေကာမူ အမေရိကန်က ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်မဟုတ်ဟူသည့် ၎င်း၏ ရပ်တည်ချက်ကို ခေါင်းဆောင်ကင်က သဘောကျမှုမရှိပေ။ ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် ရုရှားအစိုးရက ထောက်ခံလျက်ရှိသည်။

ယခုထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အမေရိကန်၏ ရပ်တည်ချက်ကို မည်သို့ တုံ့ပြန်မလဲဆိုသည်နှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# သီရိလင်္ကာ၌ ဖြစ်ပွားသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုများ၌ သေဆုံးသူ ဦးရေ ၃၅၉ ဦးထိ မြင့်တက်လာ



**ကိုလံဘို မေ ၂၄**

လွန်ခဲ့သည့်တနင်္ဂနွေနေ့ (မေ ၂၁ ရက်)က သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေမှာ ၃၅၉ ဦးထိ မြင့်တက်လာကြောင်း ရဲအဖွဲ့က မေ ၂၄ ရက်တွင် ပြောကြားသည်။

မေ ၂၁ ရက်တွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်းများနှင့် ဇိမ်ခံဟိုတယ်များ၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများထဲမှ နောက်ဆက်တွဲအဖြစ် သေဆုံးရသူဦးရေများ ထွက်ပေါ်ခဲ့သည်။ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၅၀၀ ထက် မနည်းရှိခဲ့သည်။

ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုများကို ၎င်းတို့လုပ်ဆောင်ခဲ့သည်ဟု အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ပြောကြားခဲ့သည်။ သီရိလင်္ကာအစိုးရကမူ ၎င်းနိုင်ငံတွင်းရှိ လူသိထင်ရှားမှုမရှိသည့် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ အမျိုးသားသိုင်္ဂျာမားလားချ်အဖွဲ့အား ညွှန်ပြပြောကြားခဲ့ပြီး ယင်းအဖွဲ့သည် ပြည်ပမှ အထောက်အပံ့များ ရယူထားသည်ဟု ပြောကြားခဲ့သည်။

အဆင့်မြင့်ဟိုတယ်များနှင့် ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်သည့် မေ ၂၁ ရက် (တနင်္ဂနွေနေ့) အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြီး ဝတ်ပြုဆုတောင်းသူများအား ဗုံးခွဲတိုက်ခိုက်မှုများ ကျူးလွန်သူများ၏နောက်ကွယ်မှ သင်္ကာမကင်းဖွယ်ရှိသူ ၆၀ ကို သီရိလင်္ကာရဲအဖွဲ့က မေ ၂၃ ရက်တွင် တစ်ညလုံး ဖမ်းဆီးခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် တမီးကျားသူပုန်များ၏ပုန်ကန်တိုက်ခိုက်မှုအား ချေမှုန်းအပြီး ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# အကြမ်းဖက်မှုကျူးလွန်သည့် လူ ၃၇ ဦးကို ဆော်ဒီအာရေဗျတွင် ကွပ်မျက်

**ရီယာ့ဒ် မေ ၂၄**

အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် လူပေါင်း ၃၇ ဦးကို မေ ၂၃ ရက်က ဆော်ဒီအာရေဗျနိုင်ငံတွင် ကွပ်မျက်ခဲ့ကြောင်း ဆော်ဒီအာရေဗျ ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာ့ဒ်နှင့်အတူ မက္ကာ၊ မဒီနာနှင့် နိုင်ငံအရှေ့ပိုင်းပြည်နယ်နှင့် အက်ရှ်ယာဒေသတို့တွင် ယင်းကွပ်မျက်မှုများကို ပြုလုပ်ခဲ့ကြောင်း ဆော်ဒီအာရေဗျပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဆော်ဒီပရက်စ် သတင်းအေဂျင်စီက ဖော်ပြသည်။

ယင်းသို့ ကွပ်မျက်ခံရသူများသည် အကြမ်းဖက်အဖွဲ့အစည်းများ၏ ကလာပ်စည်းများအဖြစ် ဖွဲ့စည်းခံရသူများဖြစ်ပြီး ၎င်းတို့မှာ နိုင်ငံတော်အား အကြည်ညိုပျက်စေမှု၊ ဂိုဏ်းဂဏဝါဒများ လက်ခံအားပေးမှုနှင့် လုံခြုံရေးအဖွဲ့အစည်းများကို နှောင့်ယှက်ဖျက်ဆီးမှုများ၊ အဆောက်အအုံများအား လက်လုပ်ခေတ်ဆီဗုံးများဖြင့် ပစ်ခတ်မှုများနှင့် ရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်မှုစွဲချက်များ တင်ခံထားရသူများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းလုပ်ရပ်များအတွက် ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများကို အခြေခံကာ ၎င်းတို့အား ကျူးလွန်ခဲ့သည့်ပြစ်မှုအလိုက် ကွပ်မျက်ခဲ့ခြင်းဖြစ်ပြီး ဆော်ဒီအာရေဗျတရားရုံးချုပ်အနေဖြင့် ၎င်း၏အသနားခံမှုအပေါ် ဘုရင်၏အမိန့်အရ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားရွေးကောက်ပွဲတွင် မဲရုံလုပ်သား ၁၁၉ ဦးသေဆုံးဟု ရဲအဖွဲ့ပြောကြား



**ဂျကာတာ မေ ၂၄**

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ပွဲတွင် မဲရုံလုပ်သားနှင့် ရဲအရာရှိတစ်ရာကျော် သေဆုံးခဲ့ရကြောင်းနှင့် သေဆုံးခဲ့ရသည့် အကြောင်းရင်းများ၏ အဓိကအချက်မှာ မဲရုံလုပ်သားများ ပင်ပန်းနွမ်းနယ်ခဲ့ရမှုက အဓိကဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအတွင်း လူပေါင်း ၁၁၉ ဦး သေဆုံးခဲ့ရပြီး အခြား လူ ၅၅၀ နီးပါးမှာ နာမကျန်းဖြစ်မှုများ ခံစားနေရသည်ဟု အင်ဒိုနီးရှား ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံ၏အထွတ်အထိပ်ဖြစ်သော သမ္မတရာထူးနေရာနှင့် ဥပဒေပြု လွှတ်တော်အမတ်များအား ရွေးကောက်တင်မြှောက်ပွဲကို မေ ၁၇ ရက်တွင် တစ်ပြိုင်တည်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းနေ့တွင် ဆန္ဒမဲများ ပေးအပ်ခဲ့မှုကို တစ်နေ့တည်းတွင် အပြီးရေတွက်ခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမှုကို ကမ္ဘာ့အကြီးမားဆုံး နေ့ချင်းပြီး ရွေးကောက်ပွဲဟု ခေါ်ဝေါ်ကြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူ သန်း ၁၅၀ ကျော် ဆန္ဒမဲပေးခဲ့ကြသည်။

ယင်းရွေးကောက်ပွဲကာလအတွင်း၌ နိုင်ငံတစ်ဝန်းလုံးရှိ မဲရုံများတွင် မဲရုံလုပ်သား ခုနစ်သန်းကျော်ကို တာဝန်ချထားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သူများအနက် အနိုင်ရသူကို လာမည့်လအတွင်း၌ ကြေညာမည်ဖြစ်သည်။ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လက်ရှိသမ္မတဂျိုကိုဝီဒိုဒိုသည် ရွေးကောက်ပွဲ၌ အနိုင်ရမည်ဟု မျှော်လင့်ရပြီး ၎င်းက ရွေးကောက်ပွဲကာလအတွင်း သေဆုံးခဲ့ရသည့် မဲရုံလုပ်သားများအတွက် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် မိုဒီ၏ အာဏာရ ဘီဂျေပီပါတီ ဆက်အောင်ပွဲခံနိုင်မည်လား

■ ကျော်ထိုက်စိုး

အိန္ဒိယနိုင်ငံတွင် အဆင့် ခုနစ်ဆင့်ရှိသော (၁၇) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ကျင်းပလျက်ရှိရာ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီမှာ မွေးရပ်မြေ ဂူဂျာရတ်ပြည်နယ်၌ ပြင်းထန်သော ရွေးကောက်ပွဲယှဉ်ပြိုင်မှုကို ရင်ဆိုင်နေရပုံပေါ်သည်။ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အိန္ဒိယနိုင်ငံတွင် အဓိကအာဏာရပါတီဖြစ်သည့် ဝန်ကြီးချုပ် မိုဒီ၏ ဘီဂျေပီပါတီက မဲဆန္ဒနယ်မြေ ၂၆ ခုစလုံးတွင် သက်သောင့်သက်သာ အနိုင်ရရှိခဲ့သည်။

ဂူဂျာရတ်ပြည်နယ်မှာ ဧပြီလ ၂၃ ရက်နေ့က တတိယအဆင့် ရွေးကောက်ပွဲကျင်းပခဲ့သည့် ပြည်နယ် ၁၃ ခု အနက် တစ်ခုဖြစ်သည်။ ဆင်ဟွာသတင်းထောက်များဖြစ်သည့် ပန်ကတ်ယာဒတ်နှင့် ကျောင်ရူတို့သည် ဂူဂျာရတ်ပြည်နယ်၏ မြို့တော် အာမတ်ဒါဘတ်သို့ သွားရောက်လည်ပတ်ခဲ့ပြီး လူပေါင်းများစွာနှင့် တွေ့ဆုံစကားပြောဆို၍ သတင်းရယူခဲ့သည်။ လက်ရှိဝန်ကြီးချုပ် မိုဒီ၏ ဘီဂျေပီပါတီမှာ ပြီးခဲ့သည့်ရွေးကောက်ပွဲလို အလွယ်တကူ အနိုင်ရရှိရန် မလွယ်ကူတော့ဘဲ ပြည်သူအများစု၏အမြင်အရ ဘီဂျေပီပါတီ၏ စွမ်းဆောင်ရည်ကြောင့် လူကြိုက်များမှု ကျဆင်းလာခြင်းဖြစ်သည်။ ဂူဂျာရတ်ပြည်နယ်တွင်လည်း ဘီဂျေပီပါတီအပေါ် လူကြိုက်များမှုကျဆင်းလာရခြင်း အဓိကအကြောင်းရင်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များကို ကိုယ်စားပြုသော ပါတယ် သို့မဟုတ် ပါတီဒါ (ခေါ်) လူမျိုးစုအသိုင်းအဝိုင်း၏မဲများက အဓိကအတိုက်အခံပါတီ အိန္ဒိယနေရှင်နယ်ကွန်ဂရက် (အိုင်အင်န်စီ) ဘက်သို့ တစ်စတစ်စ ရောက်ရှိသွားခြင်းကြောင့်ဖြစ်သည်။ အစောပိုင်းနှစ်များက ပါတယ်လူမျိုးစုအသိုင်းအဝိုင်းမှာ ဂူဂျာရတ်ပြည်နယ်အတွင်း ဘီဂျေပီပါတီအတွက် အဓိကမဲဆန္ဒရှင်များ ဖြစ်ခဲ့သည်။

သို့သော်လည်း ၂၀၁၇ ခုနှစ်အတွင်း ကျင်းပသည့် ပြည်နယ်ရွေးကောက်ပွဲတွင် ပါတယ်လူမျိုးစုအသိုင်းအဝိုင်းက အိုင်အင်န်စီပါတီကို မဲပြောင်းထည့်ခဲ့ကြသည်။ အကျိုးဆက်တစ်ခုအနေဖြင့် ဘီဂျေပီပါတီက အမတ်နေရာ ၁၈၂ နေရာတွင် အမတ်နေရာ ၉၉ နေရာမျှသာ အနိုင်ရရှိခဲ့သည်။ ထိုရလဒ်မှာ ဘီဂျေပီပါတီက ၁၉၉၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အမတ်နေရာ ထက်ဝက်နီးပါးမျှသာ အနိုင်ရရှိခြင်းဖြစ်သည်။ ဘီဂျေပီပါတီက ဂူဂျာရတ်ပြည်နယ်တွင် နှစ်ပေါင်း ၂၅ နှစ်ခန့်ကြာသည့်တိုင် ဆက်တိုက်အုပ်ချုပ်ခဲ့သော်လည်း ယခုနှစ်ရွေးကောက်ပွဲတွင် ပြည်သူများ၏သဘောထားကို ရှင်းရှင်းလင်းလင်း သိမြင်လာရသည်။ ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်ရှိအခြေအနေများကြောင့် အာဏာရ ဘီဂျေပီပါတီအနေဖြင့် မဲဆန္ဒနယ်မြေခြောက်ခုကျော်တွင် ရှုံးနိမ့်နိုင်ပြီး စုစုပေါင်း မဲဆန္ဒနယ်မြေ ၂၆ ခုတွင် မဲဆန္ဒနယ်မြေ ၂၀ ခန့်တွင်သာ အနိုင်ရရှိနိုင်ကြောင်း ဂူဂျာရတ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာန အကြီးအကဲ ပါမောက္ခ မူကတ်အိတ်ချ်ခါတစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

"ဘီဂျေပီပါတီအနေနဲ့ မဲရလဒ်တွေ အကြီးမားဆုံး ရှုံးနိမ့်နိုင်တဲ့နေရာတွေကတော့ ကျေးလက်ဒေသတွေ ဖြစ်ပါတယ်။ အထူးသဖြင့် လယ်သမားအများစုနေထိုင်ပြီး မဲဆန္ဒနယ်မြေ ရှစ်ခုထက်မနည်းရှိတဲ့ ဆော်ရတ်ရှတ်ထရာဒေသ ဖြစ်ပါတယ်။ အဲဒီဒေသမှာနေထိုင်တဲ့ လယ်သမားတွေက အလုပ်လက်မဲ့မှု၊ ရေပြတ်လပ်မှုလို ပြဿနာတွေ ရင်ဆိုင်ကြုံတွေ့နေရပါတယ်"ဟု ၎င်းက ပြောကြားသည်။ ဂူဂျာရတ်ပြည်နယ်အတွင်း လူတန်းစားခွဲခြားသော နိုင်ငံရေးစနစ်ပေါ်ပေါက်မှု အထူးသဖြင့် ငယ်ရွယ်သော နိုင်ငံရေးသမားများဖြစ်သည့် ဟာဒက်ပါတယ်၊ အယ်ပတ်သာကော်နှင့် ဂျီနက်မီဝါနီတို့၏ အလုပ်အကိုင်များ ဖန်တီးရေးနှင့် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ တည်ထောင်ရေး တောင်းဆိုမှုများက ဘီဂျေပီပါတီ၏ အကျိုးစီးပွားများကို ထိခိုက်စေခဲ့ကြောင်း ပါမောက္ခ ခါတစ်က ပြောကြားသည်။

ပါတယ်လူမျိုးစုအသိုင်းအဝိုင်းက သီးသန့်နယ်မြေသတ်မှတ်ပေးရန် တောင်းဆိုခဲ့သလို အခြားမျိုးနွယ်စုများကလည်း တောင်းဆိုခဲ့ကြသည်။ တောင်းဆိုချက်များနှင့် ပတ်သက်၍ ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များကြောင့် အဆိုပါလူမျိုးစုအသိုင်းအဝိုင်းများက ယခုရွေးကောက်ပွဲတွင် ဘီဂျေပီပါတီကို မဲထည့်ကြဖွယ်မရှိပေ။

ဂူဂျာရတ်ပြည်နယ်ကို မဟာရတ်ရှ်ထရာပြည်နယ်မှ ခွဲထုတ်ခဲ့ချိန် ၁၉၆၀ ပြည့်နှစ် မေလ ၁ ရက်နေ့တွင် ပြည်နယ်အတွင်း စတင်နေထိုင်ခဲ့သည့် ဒါလစ်လူမျိုးစုအသိုင်းအဝိုင်းအတွက် သီးသန့်နယ်မြေသတ်မှတ်ပေးရန် ဘီဂျေပီပါတီဦးဆောင်သော လက်ရှိအစိုးရက ငြင်းဆန်ခဲ့သည်ဟု ဒါလစ်လူမျိုးစုအသိုင်းအဝိုင်း၏ အခွင့်အရေးများအတွက် တိုက်ပွဲဝင်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (အင်န်ဂျီအို)တစ်ခု တည်ထောင်ဆောင်ရွက်နေသည့် ဒါလစ်လူမျိုးစုအသိုင်းအဝိုင်းဝင်တစ်ဦးဖြစ်သူ အက်ရှ်ဝါဂျီဘာဇစ်ကာက ပြောကြားသည်။ "သူတို့ရဲ့ အခြေခံအကျိုးစီးပွားတွေကို မစောင့်ရှောက်ပေးနိုင်တဲ့ ဘီဂျေပီပါတီအတွက် ဒါလစ်လူမျိုးစုဝင်တွေက ဘယ်လိုလုပ်ပြီး မဲပေးနိုင်မလဲ၊ ဒါလစ်လူမျိုးစုဝင်တွေဟာ ဘီဂျေပီပါတီရဲ့အုပ်ချုပ်မှုအောက်မှာ ဒုက္ခရောက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အစားထိုးရွေးချယ်နိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းက ဆိုသည်။

၂၀၁၆ ခုနှစ်တွင် ငွေကြေးရုပ်သိမ်းမှုနှင့် ၂၀၁၇ ခုနှစ်တွင် ကုန်စည်နှင့် ဝန်ဆောင်မှုစည်းကြပ်ခွန် (ဂျီအက်တီ) ပြဋ္ဌာန်းမှုတို့ကလည်း အသေးစားကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ကြီးမားစွာ ထိခိုက်နစ်နာစေခဲ့သည်ဟု ဇစ်ကာက ပြောသည်။ "မိုဒီအစိုးရရဲ့ ကုန်စည်နှင့် ဝန်ဆောင်မှုစည်းကြပ်ခွန် (ဂျီအက်တီ) ပြဋ္ဌာန်းမှုနဲ့ ငွေကြေးရုပ်သိမ်းမှု မူဝါဒတွေက အသေးစားကုန်သည်တွေနဲ့ စီးပွားရေးသမားတွေရဲ့လုပ်ငန်းတွေကို ၃၀ ရာခိုင်နှုန်းအထိ ရိုက်ခတ်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် အတိုက်အခံပါတီတွေမှာလည်း အားနည်းချက်တွေရှိနေလို့ အခြားရွေးချယ်စရာလည်း ကျွန်တော်တို့မှာ မရှိပါဘူး။ မိုဒီအစိုးရက အသေးစားစီးပွားရေးလုပ်ငန်းရှင်တွေ အကျိုးဖြစ်ထွန်းစေမယ့် တစ်စုံတစ်ခု ပြုလုပ်ပေးလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်" ဟု အာမတ်ဒါဘတ်မြို့တော် ဂွန်တီပူရေိယာရှိ အထည်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဒီနက်အက်အဂ္ဂါဝယ်လ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသား သန်း ၉၀၀ ကျော်က Lok Sabha ခေါ် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ် ၅၄၃ ဦးကို ရွေးချယ်ကြမည်ဖြစ်သည်။ မဲဆန္ဒရှင်များ၏ ၆၆ ရာခိုင်နှုန်းခန့် မဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်အချက်အလက်များအရ သိရသည်။ ဧပြီလ ၁၁ ရက်နေ့တွင် စတင်ခဲ့သည့် အိန္ဒိယအထွေထွေရွေးကောက်ပွဲမှာ မေလ ၁၉ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ပြီး မဲရေတွက်မှုကို မေလ ၂၃ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဆန္ဒမဲပေးမှုကို ၁၉၈၂ ခုနှစ်တွင် ပထမဆုံး စတင်အသုံးပြုခဲ့သည့် စနစ်တစ်ခုဖြစ်သော EVM (ခေါ်) အီလက်ထရွန်နစ် မဲဆန္ဒပေးသည့်စက်များဖြင့် ဆောင်ရွက်သည်။ ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် EVM အလုံး ၂ ဒသမ ၃ သန်းကျော် အသုံးပြုမည်ဖြစ်သည်။ ။



**ကိုးကား - ဆင်ဟွာ၊ ပီတီအိုင်**

Indian PM Modi faces tough battle in home Gujarat state.

❖ အာရှ ယူ-၁၉ မှ

အာရှထိပ်သီးဩစတြေးလျအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေအကောင်းဆုံး ဖြစ်နေသောကြောင့် လက်ကျန်တစ်နေရာအတွက် မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ အပြိုင်လုရဖွယ်ရှိနေရာ မြန်မာအသင်းအတွက် အဖွင့်ပွဲတွင် ရလဒ်ကောင်းရရန် လိုအပ်နေသည်။ ထို့ကြောင့် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်ရန် ဥဇဘက်ကစ္စတန်အသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရန်လိုအပ်နေပြီး အဖွင့်ပွဲတွင် အနိုင်ရပါက ခြေစစ်ပွဲအောင်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မတ်လဆန်းတွင် ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ပြီးနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများ၊ ခြေစမ်းပွဲများ ကစားခွင့်မရတော့သောကြောင့် နိုင်ငံတကာအတွေ့အကြုံပိုင်းတွင် ပြိုင်ဘက်အသင်းများထက် အားနည်းဖွယ်ရှိနေသည်။ သို့သော် မြန်မာအမျိုးသမီးအသင်းမှ ကစားသမားများအနေဖြင့် နိုင်လိုစိတ်ပြင်းပြစွာ ကြိုးစားပါက ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ခြေစစ်ပွဲအောင်မြင်နိုင်မည့် အခွင့်အရေးရှိနေသည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်-ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြများအဖြစ်-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြ- ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး**-ဇူးလတ်နဒီ၊ ပိုးဥ၊ ခင်မြတ်မိုး၊ **နောက်တန်း**- နှင်းမြသဇင်၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ သဇင်အောင်၊ ကြည်ပြာလင်း၊ မိုးမမစိုး၊ အိအိကျော်၊ ဖြူဖြူဝင်း၊ **အလယ်တန်း**-မိုးမိုးသန်း၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ အေးအေးထွေး၊ လင်းမြင့်မိုရ်၊ သီတာဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**-စန်းသော်သော်၊ နွယ်နီဝင်း၊ အေးမြတ်ခိုင်၊ မြတ်နိုးခင်တို့ ပါဝင်ကြသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (က) ပွဲစဉ်များကို ဧပြီ ၂၆၊ ၂၈၊ ၃၀ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပထမပွဲကို ညနေ ၄ နာရီ၊ ဒုတိယပွဲကို ည ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု (က) ပွဲစဉ်များအဖြစ် ဧပြီ ၂၆ ရက် ညနေ ၄ နာရီတွင် ဩစတြေးလျအသင်းနှင့် နီပေါအသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ဧပြီ ၂၈ ရက် ညနေ ၄ နာရီတွင် နီပေါအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ည၇ နာရီတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း၊ ဧပြီ ၃၀ ရက် ညနေ ၄ နာရီတွင် ဩစတြေးလျအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို မြန်မာပရိသတ်များ တစ်ခဲနက် လာရောက်အားပေးနိုင်ရန် ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

✻ အမျိုးသမီးမှ

တောင်ဒဂုံကွင်း၌ YREO အသင်းနှင့် မြဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြဝတီအသင်းသည် သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲရန် ရေပန်းစားလျက်ရှိပြီး နောက်မှလိုက်ပြီး ဖိအားပေးနေသည့် သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းသည် သုံးမှတ်စီကွာဟနေသောကြောင့် မြဝတီအသင်းကို ကျော်ဖြတ်နိုင်ရန် ရှန်းကန်ရဖွယ်ရှိနေသည်။

ပထမအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ကျင်းပခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာခြေစစ်ပွဲများကြောင့် သုံးလကျော်ကြာရပ်နားခဲ့ပြီး မေလပထမပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် မြဝတီအသင်းက ၁၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းက ၁၆ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၁ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ ဂန္ဓမာအသင်းက သုံးမှတ် ရထားပြီး တက္ကသိုလ်အသင်းမှာမူ ပွဲတိုင်းရှုံးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

## ဒိုက်ဦးမြို့နယ် ဓမ္မပီတိပရဟိတကျောင်းအတွက် ကုသိုလ်ကောင်းမှုပြုနိုင်

**ဒိုက်ဦး ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ညောင်ထောက်ပင်ကျေးရွာရှိ ဓမ္မပီတိပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ပါဝင်ကုသိုလ်သဒ္ဓါတရားပွားများနိုင်ကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသား ကျောင်းသူ ၈၉ ဦးအား ဆရာ ဆရာမ ခုနစ်ဦးက ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အတွက် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ၊ ထီး၊ ဖိနပ်၊ မိုးကာများ သဒ္ဓါတရားပွားများနိုင်ပြီး ရေအိမ်သုံးလုံး၊ ထမင်းစားဆောင်၊ အိပ်ဆောင်၊ စာကြည့်တိုက်စသည့် အဆောက်အအုံများဆောက်လုပ်ရန် အလှူရှင်များ ကျန်ရှိနေသေးကြောင်း သိရသည်။ အာဟာရဒါနအဖြစ် နံနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် တစ်နေ့စာတို့ လှူဒါန်းနိုင်သည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကျောင်းထိုင်ဆရာတော် ဦးတေဇနိယ ဖုန်း ၀၉- ၇၇၃ ၇၄၂ ၃၈၇၊ ၀၉- ၄၂၂ ၇၈၇ ၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှူပ**

# ဖားကန့်၌ နှစ်ရက်အတွင်း နွံကန်ပေါက်ကျမှုနှင့် မြေစာပုံပြိုကျမှုတို့ကြောင့် သေဆုံးသူ ခုနစ်ဦးနှင့် ပျောက်ဆုံးသူ ၅၀ အထိရှိလာ

**ဖားကန့် မေ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း မေ ၂၃ ရက်နှင့် ၂၄ ရက် နှစ်ရက်အတွင်း ကျောက်စိမ်းလုပ်ကွက်များ၏ နွံကန်ပေါက်ကျမှုနှင့် မြေစာပုံပြိုကျမှုတို့ကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူအပါအဝင် ၅၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ဖားကန့်မြို့၏ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ မော်မောင်းလယန်ကျေးရွာအနီး မော်မောင်းအကျိုးတူ လုပ်ကွက်ရှိ ကချင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ (KNDCP)ဝင်းအတွင်းသို့ အလျားပေ ၁၅၀ ကျော်၊ အနံပေ ၁၀၀ ကျော်၊ အမြင့်ပေ ၆၀ ခန့်ရှိ မြေစာပုံ လျှောကျမှုဖြစ်ပေါ်ခဲ့၍ ဦးအောင်တင့် (၄၀)နှစ်မှာ နေရာတွင်သေဆုံးခဲ့ပြီး ဦးမဲလှအောင်(၂၄)နှစ်မှာ မြေစာများ ဖုံးအုပ်ပျောက်ဆုံးခဲ့ကာ ဘက်ဟိုးယာဉ်နှစ်စီး၊ မြေသယ်ယာဉ်နှစ်စီး မြေစာများနှင့်အတူ လျှောကျခဲ့သည်။

ထို့အတူ ယနေ့နံနက် ၉ နာရီက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာမြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ကထန်ကျေးရွာအနီးရှိ ဝမ်းဘရားသားကုမ္ပဏီ (နိုင်ငံတော်နှင့်အကျိုးတူ)အတွင်းသို့ အမြင့်ပေ ၈၀ ခန့်ရှိ မြေစာများ ပြတ်ကျမှုဖြစ်ပေါ်ခဲ့၍ ယာဉ်နှစ်စီး မြေစာများ ဖုံးလွှမ်းခဲ့သည်။

အဆိုပါမြေစာများသည် လုပ်ကွက်အတွင်း လုပ်ငန်း



ဆောင်ရွက်နေသည့် HTR-1500(ဖူကူတာဝါ)အမျိုးအစား ကျောက်ဖောက်စက်ယာဉ်ပေါ်သို့ ကျရောက်ခဲ့၍ ယာဉ်မောင်းသူ ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ကျေးရွာနေ ကိုကိုဆင့်(၃၅)နှစ်မှာ ယာဉ်နှင့်အတူ မြေစာများအတွင်း မျောပါသေဆုံးခဲ့သည်။

ဖားကန့်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် နှစ်ရက်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ အပါအဝင် ၅၇ ဦးရှိခဲ့ပြီး နွံကန်ပေါက်သည့် နေရာ၊ မြေစာပုံပြိုကျသည့်နေရာများသို့ ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှိလဆိုင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ မြေပြိုကျသည့်လုပ်ကွက်များကို ထပ်မံပြိုကျမှု မဖြစ်ပေါ်စေရေးအတွက် အန္တရာယ်မြေအဖြစ်သတ်မှတ်၍ ပိတ်ထားရန်၊ မြေစာပုံရှင်းလင်းရေးလုပ်ငန်းများကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပျောက်ဆုံးနေသော ဝန်ထမ်းမိသားစုများကို ကူညီစောင့်ရှောက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

"နွံကန်ပေါက်တဲ့နေရာ၊ မြေစာပုံပြိုတဲ့နေရာတွေမှာ ကျောက်စိမ်းဌာနက အဖွဲ့တွေနဲ့ ကျွန်တော်တို့အုပ်ချုပ်ရေးအဖွဲ့ဝင်တွေက ဌာနဆိုင်ရာတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြေစာရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးကလည်း ကွင်းဆင်းကြည့်ရှုနေပါတယ်"ဟု ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်က ပြောသည်။

ယမန်နေ့က ဖြစ်ပွားခဲ့သည့် နွံကန်ကျိုးပေါက်မှုကြောင့် ရွှေနဂါးကိုးကောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှင့် မြန်မာသူရကုမ္ပဏီတို့မှ ပျောက်ဆုံးနေသူ ၅၄ ဦးအနက် မေ ၂၃ ရက်က ရုပ်အလောင်းသုံးလောင်း ရှာဖွေတွေ့ရှိခဲ့ပြီး ယနေ့ ည ၇ နာရီတွင် ရုပ်အလောင်းနှစ်လောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့၍ ပျောက်ဆုံးနေသည့် ၄၉ ဦးကို ဖားကန့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများက စက်ယန္တရားများဖြင့် ဆက်လက်ရှာဖွေလျက်ရှိကာ နွံကန်ပေါက်ကျမှုနှင့် မြေစာပုံပြိုကျမှုတို့ကြောင့် နှစ်ရက်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ အပါအဝင် ၅၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တိုင်းဒေသကြီးသုံးခုနှင့် ရှမ်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၄**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက်မှ ၂၃ ရက်အထိ တရားမဝင်သစ်ဖော်ထုတ်ရှာဖွေဖမ်းဆီးရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်း ဖန်ခါးတံတားအနီးရှိ ယာဉ်နှစ်စီးပေါ်မှ ပိတောက်၊ အင်ကြင်းခွဲသား ၂၀၇ ချောင်း (၁၁ ဒသမ ၃၈၀၂ တန်)နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းမှ ကျွန်း၊ ပျဉ်းကတိုး၊ အခြားသစ်လုံး၊ ခွဲသား ၂၄ ချောင်း (၇ ဒသမ ၈၇၂၀ တန်)၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ဥသျှစ်ကုန်းလမ်း မြို့အဝင်၌ Foton ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၃၄ ချောင်း (၄ ဒသမ ၁၅၄၆ တန်)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းမှ ပိတောက်၊ ယင်းတိုက်သစ်၊ ခါးရွှေ အချောင်း ၁၂၀ (၈ ဒသမ ၂၂၀၈ တန်)တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်လှမော်**

# ငါန်းဇွန်မြို့နယ်တွင် ဆေးခြောက်စိုက်ခင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ(မန္တလေး)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ မူးယစ်



ရှိန်းလတ်၊ အမေရိကန်နိုင်ငံသား Mr. John Fredric Todoroki နှင့် မရွှန်းလဲ့မြတ်နိုးတို့အား သိမ်းဆည်းရမိသည့် ဆေးခြောက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

တပ်ဖွဲ့ခွဲ(၁) မန္တလေးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၁၈)မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ညနေပိုင်းတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော်ဝင်း အမှတ်(၂) လုပ်ကွက်အတွင်းရှိ III M Global Nutracetical Company စိုက်ခင်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ စိုက်ခင်းဇော ၂၀ တွင် ဆေးခြောက်အပင်ပေါင်း ၃၅၀၀၀၀ ခန့်၊ ဆာလာအိတ် ၁၉ အိတ်အတွင်းမှ ဆေးခြောက်အစေ့(မျိုးစေ့) ကီလို ၃၈၀၊ ဖန်ပုလင်းအတွင်းမှ ဆေးခြောက်အဆီ ၁၈၀၄ ဂရမ်၊ Formic Acid တစ်လီတာ၊ အက်သနောအရည် ၄၅ ဒသမ ၆ လီတာ၊ အယ်ကိုဟောအရည် ၂၂ ဒသမ ၈ လီတာ၊ Bio Maxs အစိမ်းရောင်အရည် ခြောက်လီတာ၊ Acetone အရည် ငါးလီတာ၊ Acetonitrile အရည် ငါးလီတာ၊ Concort Water သုံးလီတာ၊ Methonal အရည် ၁၂ ဒသမ ၅ လီတာ၊ အမိုနီယမ်ဖော့စဖိတ် ၅၀၀ ဂရမ်ပါ မော်တော်ယာဉ် နှစ်စီး၊ ဆေးခြောက် ၂၇၀ ဒသမ ၅ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

သို့ပါ၍ အဆိုပါလုပ်ကွက်အတွင်းမှ ဦးရှိန်းလတ်၊ မရွှန်းလဲ့မြတ်နိုး၊ အမေရိကန်နိုင်ငံသားများဖြစ်ကြသော Mr. John Fredric Todoroki နှင့် Mr. Alexander Skemp Todoroki (ဖမ်းမမိသေး)တို့အား အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြို့နယ်များတွင် မီးလောင်မှုများ ဖြစ်ပွား

**ဗဟန်း**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာဘေး I G E Group Of Companies အဆောက်အအုံတွင် ဝိုင်ယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

**ပခုက္ကူ**

ပခုက္ကူမြို့နယ် မယ်ဇလီပင်ကုန်းကျေးရွာနေ ဦးမြမောင်၏နေအိမ်တွင် မေ ၂၄ ရက် နံနက် ၈ နာရီခန့်က ထမင်းအိုးတည်ရာမှ မီးစတင်လောင်ကျွမ်းပြီး နှစ်ထပ်သွပ်မိုး၊ ထရံကာအိမ်တစ်လုံး ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းတို့က အိမ်ဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေ၊ ရိက္ခာဆန်ဖိုးငွေနှင့် ပစ္စည်းမျိုးစုံ ၁၆ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုတမာ**

**မိုးညို**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မကျီးကုန်းကျေးရွာတွင် ယမန်နေ့ ညနေ ၃ နာရီခွဲက ချိုကြီး(ခ)ခိုင်မင်း၏ နေအိမ်ခေါင်မိုးပေါ်တွင် တင်ထားသော (ဝပ်-၈၀)ရှိ ဆိုလာပြား အပူချိန်လွန်ကဲရာမှ ခေါင်မိုးမှတစ်ဆင့် နေအိမ်အား မီးစွဲလောင်ကျွမ်းခဲ့ခြင်းကြောင့် ချိုကြီး(ခ)ခိုင်မင်းအား မိုးညိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဦးအောင်မင်းနိုင်(ရုပ်သံ-၃)**

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မဂူကျွန်းကျေးရွာတွင် မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ဦးအောင်မိုးသာ၏ ဝါးတိုင်၊ ဓနိမိုး၊ ကြမ်းခင်း နေအိမ်တွင် သမီးဖြစ်သူ မနေက မီးဖိုချောင်တွင် ဟင်းချက်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဦးအောင်မိုးသာအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# မြဝတီ-အာရှလမ်းတွင် မှန်လုံယာဉ်မှ ပရိုဘောက်ယာဉ်အား ဝင်တိုက်မိပြီး ခရီးသည်ငါးဦး ဒဏ်ရာများရရှိ

**ကော့ကရိတ် မေ ၂၄**

မြဝတီ-အာရှလမ်းတွင် မေ ၂၄ ရက်က မှန်လုံယာဉ်က ပရိုဘောက်ယာဉ်အား ဝင်တိုက်မိသဖြင့် ယာဉ်ပေါ်ပါ ခရီးသည်ငါးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မေ ၂၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကော့ကရိတ်မြို့နယ် မြဝတီ-ကော့ကရိတ်အာရှလမ်း ကီလိုမီတာ ၁၅၄ နှင့် ၁၅၅ အကြား နတ်စင်ကွေ့အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၇၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ်သန်းနိုင်ရွှေ ဦးစီးအဖွဲ့နှင့် ကော့ကရိတ်မြို့မရဲစခန်းမှ ဒုရဲအုပ် အောင်ပိုင်စိုး ဦးစီးအဖွဲ့ သွားရောက်စစ်ဆေးရာ မြဝတီမှ ကော့ကရိတ်သို့ ထွန်းအောင်ကျော် (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော မှန်လုံယာဉ်သည် အခင်းဖြစ်နေရာအရောက် ဘရိတ်မမိတော့ဘဲ လမ်းယာဘက်ရှိ တောင်ကမ်းပါးယံအား ဝင်တိုက်မိ၍ ယာဉ်မှာ ဝဲဘက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ ဝဲဘက်ယာဉ်ကြောအတိုင်း လင်းအောင်မူးနိုင်းရပ်ကွက် ပေါင်မြို့နယ် မွန်ပြည်နယ်နေသူ မောင်းနှင်လာသော ပရိုဘောက်ယာဉ်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ပရိုဘောက်ယာဉ်ပေါ် လိုက်ပါလာသော ခရီးသည်ငါးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သဖြင့် ယာဉ်မောင်း ထွန်းအောင်ကျော်အား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး LIFT Fund အဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံ



**နေပြည်တော် မေ ၂၄**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund-LIFT Fund)အား စီမံခန့်ခွဲလျက်ရှိသော UNOPS Myanmar မှ ညွှန်ကြားရေးမှူး Ms.Katy Webley နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် LIFT Fund က ဆောင်ရွက်မည့် ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့် အစီအစဉ်များ၊ LIFT Fund ၏ အကူအညီဖြင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းများဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အပါအဝင် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် စနစ်တကျချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေမှုများနှင့် အာဆီယံနိုင်ငံများအပါအဝင် မိတ်ဖက်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူဒဏ်ကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်သည့် Heat Stroke ရောဂါ ဖြစ်ပေါ်လာပါက အချိန်မီကုသနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**ရန်ကုန် မေ ၂၄**
အပူဒဏ်ကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်သည့် Heat Stroke ရောဂါမျိုးဖြစ်ပေါ်လာပါက အချိန်မီကုသနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာနမှ သိရသည်။

**အချိန်မီကုသ**

"နွေရာသီရောက်တိုင်းအပူဒဏ်ကြောင့် (Heat Stroke) ရောဂါဖြစ်တဲ့လူနာတွေကိုအချိန်မီကုသနိုင်ဖို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ နှစ်စဉ်နှစ်တိုင်းပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ ဒီနှစ်လည်း နေရာထိုင်ခင်း၊ ဆေးဝါးနဲ့ကုသရာမှာအသုံးပြုမယ့် အထောက်အကူပြုပစ္စည်းတွေကိုလည်း အဆင်သင့်ပြုလုပ်ထားပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးမိုစမ်းက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မေ ၂၂ ရက်က Heat Stroke ကြောင့်ရောဂါဖြစ်ပွားပြီး ဆေးရုံတက်ရောက်သည့် လူနာတစ်ဦးရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာနမှ သိရသည်။

**အသက်ဆုံးရှုံးနိုင်**

"၂၀၁၈ ခုနှစ်မှာတော့ လူနာမရှိခဲ့ဘူး။ ဒီနှစ်မှာတော့ အပူဒဏ်ကြောင့် (Heat Stroke) လူနာတစ်ယောက် ဆေးကုသမှုခံယူနေပါတယ်။ အခုလောလောဆယ် ဒီလူနာကို ရောဂါအခြေအနေအရ ICU ထဲမှာထားပြီး လိုအပ်တဲ့ဆေးဝါးကုသမှုတွေ ပေးထားပါတယ်။ လူနာကအသက် ၄၀ ဝန်းကျင်ရှိတဲ့ အမျိုးသားလူနာဖြစ်ပါတယ်"ဟု ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးမိုစမ်းက ပြောသည်။



ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးမိုစမ်း

အပူဒဏ်ကြောင့် (Heat Stroke)ရောဂါဖြစ်ပေါ်ပါက ခန္ဓာကိုယ်တွင်း အပူချိန်သည် ၄၀ ဒီဂရီဆယ်လ်ဆီးရပ် (သို့မဟုတ်) ၁၀၄ ဒီဂရီဖာရင်ဟိုက်နှင့်အထက် မြင့်တက်လာပြီး အရေပြားပူပြီးခြောက်သွေ့နေကြောင်း၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ လက္ခဏာများအဖြစ် တက်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ မှိန်းနေခြင်းနှင့် နောက်ဆုံးအဆင့်အနေဖြင့် သတိလစ်ခြင်းများဖြစ်ပေါ်ပြီး အဆိုပါရောဂါလက္ခဏာများပြလာပါက အသက်ဆုံးရှုံးနိုင်သည့်အတွက် နီးစပ်ရာဆေးရုံသို့ အချိန်မီပြသရန်လိုအပ်ကြောင်း အပူပိုင်းနှင့်ကူးစက်ရောဂါ ပညာဌာနမှ သိရသည်။

**ဆားဓာတ်တွေ ပြန်လည်ဖြည့်တင်းဖို့လို**

"အပူဒဏ်ကြောင့် (Heat Stroke) ရောဂါဖြစ်ပြီဆိုရင် နီးစပ်ရာ ဆေးရုံတွေကိုအမြန်ဆုံးသွားရောက်ဖို့လိုပါတယ်။ ဆေးရုံမှာ အတွင်းလူနာအဖြစ်တက်ရောက်ပြီး စမ်းသပ်စစ်ဆေးမှုတွေလုပ်ပြီး ကုသရမှာဖြစ်တဲ့အတွက်ကြောင့် ဒီအခြေအနေမှာတော့ ဆေးရုံကိုပို့ဖို့အမြန်ဆုံးလိုအပ်ပါတယ်။ ဆေးရုံပို့တဲ့အခါမှာလည်း လမ်းခရီးကြန့်ကြာနေတဲ့အချိန်မှာသတိမလစ်သေးဘူးဆိုရင် အရည်နဲ့ဆားဓာတ်တွေ ပြန်လည်ဖြည့်တင်းဖို့လိုအပ်တယ်။ အေးတဲ့အဝတ်တွေနဲ့ရေပတ်တိုက်ပေးဖို့လိုအပ်တယ်"ဟု ပါမောက္ခ/ဌာနမှူး ဒေါက်တာ မိုးမိုစမ်းက ပြောသည်။

အပူဒဏ်ကြောင့်ဖြစ်သည့် (Heat Stroke)ရောဂါသည် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၊ နာတာရှည်နှလုံးရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ကျောက်ကပ်ရောဂါရှိသူများ၊ နမိုးနီးယားကြောင့် ဖျားနေသူများ၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကြောင့် ဖျားနေသူများ၊ တုပ်ကွေးကြောင့်ဖျားနာနေသူများ၊ နေရောင်အောက်တွင် အချိန်ကြာမြင့်စွာအလုပ်လုပ်ကိုင်နေသူများနှင့် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများတွင် အဓိကဖြစ်ပွားတတ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူများ အသက်အန္တရာယ်ဖြစ်နိုင်သည့် Heat Stroke ရောဂါကာကွယ်နိုင်ရန် လမ်းညွှန်ချက်များ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ထားပြီး ၂၀၁၉ ခုနှစ်တွင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များလည်း ထွက်ရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်း-သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ-နေလင်း)**

# မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ၏ ဝါးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ သွားရောက်လေ့လာ

**ရန်ကုန် မေ ၂၄**
မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝါးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ၊ ဝါးသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝါးနှင့်သက်ဆိုင်သော မူဝါဒများနှင့် နည်းဗျူဟာစီမံကိန်းရေးဆွဲခြင်းများကို သိရှိလေ့လာနိုင်ရန်အတွက် ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ဟောင်ကောင်သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သွားရောက်လေ့လာ**

ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ မှ ၂၉ ရက်အထိ တရုတ်နိုင်ငံ ပေကျင်း၊ ဟန်ကျိုးနှင့် အန်ဂျီမြို့များတွင် သွားရောက်လေ့လာကြမည်ဖြစ်ပြီး ခရီးစဉ်တွင် ဝါးနှင့်ကြိမ်အတွက် အပြည်ပြည်ဆိုင်ရာကွန်ရက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝါးနှင့်သက်ဆိုင်သော မူဝါဒနှင့် နည်းဗျူဟာရေးဆွဲခြင်း လုပ်ငန်းစဉ်များအကြောင်း လေ့လာဆွေးနွေးခြင်း၊ ဖွံ့ဖြိုးတိုးတက်သောဝါးစက်ရုံများသို့ သွားရောက်လေ့လာခြင်း၊ ဝါးစိုက်ခင်းများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးပြီး လေလွင့်မှုမရှိသော ဝါးကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်ခြင်းများ၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သော ဝါးအခြေပြု ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းများနှင့် ပတ်ဝန်းကျင်အကျိုးပြု ဝါးစိုက်ပျိုးထုတ်လုပ်မှု လေ့လာခြင်းလုပ်ငန်းများ အဓိကပါဝင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်သူထံမှ သိရသည်။

**ဒုတိယအကြိမ် လေ့လာရေးခရီးစဉ်ဖြစ်**

ယခုခရီးစဉ်သည် တရုတ်နိုင်ငံသို့ ဒုတိယအကြိမ်သွားရောက်သည့် ဝါးနှင့်ပတ်သက်သော လေ့လာရေးခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် Business Innovation Facility (ဗြိတိန်အစိုးရ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန- UK AID) တို့၏ ပံ့ပိုးမှုဖြင့်သွားရောက်ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း၊ ဟန်ကျိုး၊ အန်ဂျီမြို့များသို့ ဝါးစိုက်ခင်းများနှင့် ဝါးစက်မှုလုပ်ငန်းများ




လေ့လာရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် Business Innovation Facility မှ ကိုယ်စားလှယ်များ ပါဝင်ကြောင်း သိရသည်။

**ညွှန့်ကိုကို**



## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒက္ခိဏသီရိမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား လှည့်လည်ကြည့်ရှု

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် မေ ၂၂ ရက် ညနေ ၆ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့်အဖွဲ့တို့သည် မေ ၂၃ ရက် နံနက် ၉ နာရီက လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုအတွင်းရှိ ပေါက်တောကျေးရွာ၊ တပ်ပိုးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ရွာမကျေးရွာ၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ ၊ ကြားပင်အုပ်စု ထန်းတပင်ကျေးရွာ၊ အောင်သုခကျေးရွာ၊ ရွာမကျေးရွာအုပ်စု ကျားကူးအနောက်ကျေးရွာနှင့် ဒက္ခိဏသီရိရပ်ကွက်တို့တွင် စုစုပေါင်း လူနေအိမ် ၁၆ လုံး ပြိုလဲပျက်စီးခြင်း၊ ၁၇၁ လုံး သွပ်အမိုးလန်ခြင်းများနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း သွပ်အမိုးလန်ခြင်းများဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြိတ်မြို့မှ ကျွန်းစုမြို့သို့ ပြေးဆွဲနေသော ရေယာဉ်များအားစစ်ဆေး

**ကျွန်းစု မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ကျွန်းစုမြို့သို့ ပြေးဆွဲနေသော အမြန်ရေယာဉ်များသည် တစ်နေ့လျှင် အတက်အဆင်း ပျမ်းမျှသုံးကြိမ်ရှိရာ ထိုသုံးကြိမ်မှာလည်း ကျွန်းစုမြို့နယ်ပြည်သူများနှင့် အလည်အပတ်သွားများ တစ်နေ့ထက်တစ်နေ့ လိုက်ပါသူ များပြားလာလျက်ရှိသည်၊

ထိုသို့ခရီးသွားပြည်သူများ အမြန်ရေယာဉ်ပေါ်၌ လိုက်ပါစီးနင်းရာတွင် ရေလမ်းခရီးအဆင်ပြေချောမွေ့စေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန်အတွက် ပြေးဆွဲနေသော အမြန်ရေယာဉ်များကို သတ်မှတ်ထားသော စည်းကမ်းနှင့် ကိုက်ညီမှု ရှိ-မရှိကို မေ ၂၃ ရက်က ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွန့်၊ မြို့နယ်လဝကဦးစီးမှူး ဦးဇော်ထွန်းလင်းနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အမြန်ရေယာဉ်များကို စစ်ဆေးခဲ့သည်။

ထိုသို့ မြိတ်မြို့မှ ကျွန်းစုမြို့သို့ ပြေးဆွဲလျက်ရှိသော အမြန်ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီ (L2)၊ အသက်ကယ်ဖောင်နှင့် အသက်ကယ်ပစ္စည်းများ ရှိ-မရှိစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး (DCP) များ ပြည့်စုံစွာတပ်ဆင်ထားမှု ရှိ-မရှိ စစ်ဆေးခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးခြင်းနှင့် အမြန်ရေယာဉ်အမိုးပေါ်၌ လိုက်ပါစီးနင်းမှုများရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **စည်သူရအောင်(ကျွန်းစု)**

## သီးနှံပျက်စီးဧကများအတွက် ထောက်ပံ့ကြေးပေးအပ်

**ဝက်လက် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့တွင် ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဧက ၄၈၁၉၅ ဧကအပေါ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဝက်လက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က တောင်သူ ၁၆၈၁၆ ဦး၏ ပျက်စီးဧက ၄၈၁၉၅ ဧကအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၄၂၄၃၅၀၀၀၀ ပေးအပ်သည်။

ဝက်လက်မြို့နယ် မူးကြီးကျေးရွာနေ တောင်သူ ဦးကြည်အောင်က "အခုလို ထောက်ပံ့ကြေးငွေပေးအပ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောကြားသည်။ **မိုးသောက်(ရွှေဘို)**



## လှိုင်ကော်မြို့တွင် ၁၆ ခုတင်ဆံ့ လောခလေးတိုက်နယ်ဆေးရုံဖွင့်

**လှိုင်ကော် မေ ၂၄**

ကယားပြည်နယ် လှိုင်ကော်မြို့ လောပိတကျေးရွာအုပ်စုတွင် ၁၆ ခုတင်ဆံ့ လောခလေးတိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ၁၆ ခုတင်ဆံ့ လောခလေးတိုက်နယ်ဆေးရုံအဆောက်အအုံသစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် တက်ရောက်လာသူများက ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

"ဒေသတွင်းကျေးရွာ ၂၀ မှ လူဦးရေ ၁၅၀၀၀ ကျော်ရဲ့ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်မှုပေးနိုင်မယ့် ဆေးရုံဖြစ်ပါတယ်" ဟု ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ပြောကြားသည်။

**ကိုစိုင်း (လှိုင်ကော်)**

## လူထုဟောပြောနည်းနှင့် မြန်မာ့ဂီတရသ အခြေခံသင်တန်း မအူပင်မြို့တွင် ဖွင့်လှစ်

**မအူပင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့တို့ ပူးပေါင်း၍ လူထုဟောပြောနည်းနှင့် မြန်မာဂီတရသ အခြေခံသင်တန်းကို မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မေ ၂၂ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြောင်းသိရသည်။

"ဒီသင်တန်းက လူငယ်လူရွယ်တွေကို ဦးတည်ပါတယ်။ လူငယ်များအကြား ကိုယ်ရည်ကိုယ်သွေးတွေပြည့်ဝပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာကိုပါ လေးစားတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်စေဖို့ ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးစောမောင်က ပြောသည်။



ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်သူဇာလှိုင်က သင်တန်းများဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) နာယက ဦးပိုက်က သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးစောမောင် (စောမောင်ယော)က သင်တန်းစီမံခန့်ခွဲမှုကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဦးစောမောင် (စောမောင်ယော) က လူထုကြား ဟောပြောနည်း၊ အများပြည်သူပရိသတ်နှင့် စကားပြောရာတွင် ပရိသတ်အမျိုးအစား၊ ဟောပြောရမည့် ပွဲအနေအထား၊ အကြောင်းအရာများအလိုက် ကြိုတင်ပြင်ဆင်ပုံ၊ ပရိသတ်ရှေ့စကားပြောရာတွင် ရှောင်ကြဉ်ရမည့်အချက်များ၊ ပြင်ဆင်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ဦးပိုက် (တယောကိုပိုက်) က မြန်မာဂီတရသ အခြေခံအကြောင်းများကိုလည်းကောင်း တစ်ပတ်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## သန်လျင်၌ ရှေ့ဦးပြုစုခြင်းနည်းပြသင်တန်းဖွင့်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေ့ဦးပြုစုခြင်း နည်းပြသင်တန်း အမှတ်စဉ် (၂/ ၂၀၁၉) ဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဇ္ဈိမာရုံစာသင်တိုက် ရွှေဥကျောင်းဆောင်၌ ကျင်းပသည်။

အဆိုပါ ရှေ့ဦးပြုစုခြင်း နည်းပြသင်တန်းကို သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ် အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၃ ရက် မှ ၃၀ ရက် အထိဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မေ ၂၃ ရက် ညနေ ၆ နာရီက ပုဇွန်တောင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်သန်းထူးအောင်သည် ရပ်ကွက်နေပြည်သူများအား မှူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခဲ့သည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## GIZ မှ ရေးဆွဲသည့် Non- Financial Instruments Accounting Policies and Manual ကို မြန်မာအရှေ့တိုင်းဘဏ် (MOB) သို့ ပေးအပ်

**ရန်ကုန် မေ ၂၄**

ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်မှုများတွင် ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာ ဘဏ္ဍာရေး အစီ ရင်ခံခြင်းဆိုင်ရာ စံများ (IFRS)နှင့် အညီဆောင်ရွက်နိုင်ရန် GIZ မှရေးဆွဲပြီးစီးသည့် Non-Financial Instruments Accounting Policies and Manualကို မြန်မာအရှေ့တိုင်းဘဏ် (MOB) သို့ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်တွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာအရှေ့တိုင်း ဘဏ်လီမိတက်မှ CEO Mr.Dominic Notario က "GIZ က ဘဏ်သုံးခုကို Pilot Bank အဖြစ် ဦးစွာရွေးချယ်ရာမှာ မြန်မာအရှေ့တိုင်းဘဏ်က Pilot Bank အဖြစ် ပါဝင်ခွင့်ရတဲ့ အတွက် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများနဲ့ အညီ ဆောင်ရွက်ဖို့ မှတ်တိုင်တစ်ခု ဖြစ်ပါတယ်" ဟုပြောကြားသည်။

အဆိုပါ Non- Financial Instruments Accounting Policies and Manual onf GIZ မှ ဆောင် ရွက်နေသည့် Banking and Financial Sector Development Project လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

" ဒီ IFRS စံချိန်စံနှုန်းများနဲ့ အညီ လိုက်နာကျင့်သုံးမယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေလည်း လေ့လာလို့ရတယ်၊ ပိုပြီးပွင့်လင်းမြင်သာမှုရှိတယ်၊ ဘဏ်နဲ့ ဆက်သွယ် သူတွေရဲ့ယုံကြည်မှုကို ပိုမိုရရှိမှာဖြစ်ပါတယ်။ ဒါက ဘဏ်မှမဟုတ်ပါဘူး၊ အခြားကုမ္ပဏီတွေဆိုရင်လည်း IFRS စံနှုန်းတွေကို လိုက်နာကျင့်သုံးမယ်ဆိုရင် ဒီအကျိုး ကျေးဇူးတွေရမှာပါ"ဟု MOB ဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ကျော်ခိုင်ကပြောသည်။

ယနေ့ ဂျာမနီအခြေစိုက် GIZ မှ မြန်မာအရှေ့တိုင်းဘဏ်သို့ ပေးအပ်သည့် Non- Financial Instruments Accounting Policies and Manual သည် ပုံသေပိုင်ပစ္စည်းဆိုင်ရာမူဝါဒပိုင်းများဖြစ်ပြီး နောက်ပိုင်းတွင်လည်း IFRS နှင့်အညီ ရေးဆွဲထားသည့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီသီမင်း**

## မန္တလေးမြို့တွင် အပူဒဏ်သက်သာစေရန် မီးပွိုင့်များတွင် ယာယီအမိုးများတပ်ဆင်

**မန္တလေး မေ ၂၄**

မန္တလေးမြို့၏ နေ့အပူချိန်သည် မေပြီ စတုတ္ထပတ်မှစတင်ပြီး ပိုမိုမြင့်တက်လာသဖြင့် ဆိုင်ကယ်စီးသူများ နေ့လယ်ပိုင်းသွားလာစဉ် အပူဒဏ်ကိုကာကွယ်နိုင်စေ ရန် ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အသုံးပြုသည့် ပိုက်များဖြင့် မီးပွိုင့်များတွင် အမိုးများတပ်ဆင်ပေးလျက်ရှိသည်။

မေ ၂၃ ရက်က ချမ်းမြသာစည်မြို့နယ် စစ်ကိုင်းလမ်းခွဲနှင့် ၇၈ လမ်းဆုံတွင် ကိုးမီတာမီးတိုင်များတွင် Concret Footing များနှင့် Steel Wire Rope သုံးပြီး တပ်ဆင်ပေးထားသည်။



မီးပွိုင့်များ စောင့်ရာတွင် ပြည်သူများ အပူဒဏ်သက်သာစေရန် အချိန်ကြာစောင့်ရသည့် မီးပွိုင့်များ၊ ယာဉ်ကြောကျပ်တည်းသည့်နေရာများတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ပိုက်အမိုးများ တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ယခုတပ်ဆင်ပေးထားသော အမိုးများအား နွေရာသီအပူဒဏ်သက်သာစေရန် ယာယီတပ်ဆင်ပေးခြင်းဖြစ်ပြီး မိုးတွင်းကာလများတွင် ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကျိုင်းတုံတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ မေ ၂၄**

အမှတ်(၁၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျိုင်းတုံမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ဇောအောင်ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့ ကျောက်တိုင်မှ ကျိုင်းတုံ-တာချီလိတ်ကားလမ်း ကျိုင်းတုံတက္ကသိုလ်ရှေ့လမ်းမတွင် Grand Tiger Mobile ယာဉ် ဖြင့် မော်တော်ဆိုင်ကယ်စီးနင်းသွားလာနေသူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကျိုင်းတုံမြို့မဈေးပတ်လည်တွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မတော်တဆမှုများ ဖြစ်လေ့ဖြစ်ထရှိသည့် အကြောင်းအရာများ၊ ခရီးသည်ယာဉ်များအား အရေးပေါ် ထွက်ပေါက်၊ မီးသတ်ဆေးဘူးနှင့် မှန်ခွဲရန်တူ၊ ပုဆိန်များ အသုံးပြုစေရေး သတ်မှတ်လမ်းညွှန်အမှတ်အသားများနှင့် ကညန အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ စစ်ဆေးပညာပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

# နိုင်ငံတကာအားကစား

## ကွင်းလယ်လူ မာကိုဂရူဂျစ်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၄၀ ထိ လီဗာပူးအသင်း တောင်းဆိုမည်

အက်သလက်တီကို မက်ဒရစ်အသင်းဟာ လီဗာပူးအသင်းမှ ဆားဘီးယားကွင်းလယ်ကစားသမား မာကိုဂရူဂျစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး လီဗာပူးအသင်းက အဆိုပါကစားသမားရဲ့ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၄၀ အထိပေးဖို့ တောင်းဆိုထားတယ်လို့သိရပါတယ်။

ကွင်းလယ်ကစားသမား ဂရူဂျစ်ဟာ ဟာသာဘာလင်အသင်းကို အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပြီး ဘွန်ဒက်လီဂါမှာ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ကာ ဘွန်ဒက်လီဂါမှာ ၁၉ ပွဲပါဝင် ကစားထားပြီး လေးဂိုးသွင်းယူထားနိုင်ခဲ့သူဖြစ်ပါတယ်။

ဂရူဂျစ်အနေနဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနည်းပြ ကလော့က အဆိုပါကစားသမားကို လူစားဝင်ကစားသမားအဖြစ် ရှစ်ပွဲအထိ ပွဲထုတ်ခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဂရူဂျစ်ဟာ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီရဲ့ ဒုတိယရာသီဝက်မှာ ကာဒစ်ဖ်အသင်းမှာ အငှားစာချုပ်နဲ့ ကစားခဲ့ကာ ကာဒစ်ဖ်အသင်းကို ပရီမီယာလိဂ်သို့ တန်းတက်အောင် ကူညီပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှာ တစ်ရာသီ အငှားစာချုပ်နဲ့ ဟာသာဘာလင်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

## နွေရာသီအပြောင်းအရွှေ့မှာ အသင်းပြောင်းဖို့ဆန္ဒရှိကြောင်း အသင်းဖော်များအား ပေါ့ဘာ ပြောကြား

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်းမှာ အသင်းပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတယ်လို့ မန်ယူအသင်း ကစားဖော်တွေကို ပြောကြားလိုက်ပါတယ်။

ပေါ့ဘာဟာ အခုတစ်ကြိမ်မန်ယူအသင်းကနေ ထွက်ခွာမယ်ဆိုရင် အိုးထရက်ဖို့ဒ်ကနေ နှစ်ကြိမ်မြောက်ထွက်ခွာခြင်း ဖြစ်ပြီး အခုလို မန်ယူအသင်းနဲ့ လမ်းခွဲဖို့ ပေါ့ဘာအနေနဲ့ စီစဉ်ခဲ့တာဟာလည်း လာမယ့်ဘောလုံးရာသီမှာ မန်ယူအသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးရဖွယ်ရှိနေခဲ့တာတွေကြောင့်လည်း ဖြစ်တယ်လို့ဆိုပါတယ်။

ပေါ့ဘာအနေနဲ့ ပြင်သစ်နိုင်ငံသား နည်းပြဇီဒန်းနဲ့ လက်တွဲဖို့အတွက် ရီးယဲလ်မက်ဒရစ် အသင်းဆီကို ပြောင်းရွှေ့ဖို့စိတ်ဝင်စားနေတယ်လို့ အတိအလင်းဝန်ခံခဲ့ပြီးချိန်မှာ အသင်းဟောင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းကလည်း အသက် ၂၆ နှစ်အရွယ်ပေါ့ဘာနဲ့ ပြန်လည်ပေါင်းစည်းသွားဖို့ စီစဉ်နေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။




နည်းပြဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ဒုတိယရာသီအဖြစ် ပြန်လည်လာရောက်ကိုင်တွယ်ချိန်မှာ ပြင်သစ်တစ်နိုင်ငံတည်းသား ပေါ့ဘာကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကို ပြန်လည်ပြင်ဆင်ဖို့အတွက် ပြောင်းရွှေ့ကြေး အများအပြားသုံးစွဲသွားမယ်လို့လည်း ကတိပေးထားတာဖြစ်ပါတယ်။ ပေါ့ဘာကလည်း ချန်ပီယံလိဂ်မှာ ပုံမှန်ကစားချင်တဲ့ဆန္ဒဖြစ်နေတဲ့အပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ နည်းပြဇီဒန်းနဲ့အတူ လက်တွဲလိုတာကြောင့် လက်ရှိအချိန်မှာ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်လာတာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ နည်းပြဇီဒန်း အီတလီမြေသို့ ရောက်ရှိခဲ့စဉ်မှာ ကွင်းလယ် ကစားသမားပေါ့ဘာကို စပိန်မြေကို ခေါ်ယူဖို့ကြိုးစားမယ်လို့ ကတိပြုခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ပေါ့ဘာကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်က အမှန်တကယ်ကမ်းလှမ်းလာခဲ့ရင်၊ မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရရင် မန်ယူက ထွက်ခွာမယ်လို့ ကစားဖော်တွေကို ပြောခဲ့တာလည်းဖြစ်ပါတယ်။

## ပရီမီယာလိဂ်ရာသီကုန်အထိ အနားယူရတော့မယ့် မန်စီးတီးကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်း




မန်စီးတီးအသင်းရဲ့ အားထားရတဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ကီဗင် ဒီဘရိုင်းဟာ ဒဏ်ရာပြဿနာရရှိထားတာကြောင့် ပရီမီယာလိဂ်ဘောလုံးရာသီကုန်အထိ အနားယူရတော့မှာဖြစ်ပါတယ်။ ကီဗင်ဒီဘရိုင်းဟာ မန်စီးတီးအသင်းက စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာ ဖြစ်ပြီး မန်စီးတီးအသင်းရဲ့လက်ကျန်ပရီမီယာလိဂ်လေးပွဲ စလုံးလွဲချော်ရတော့မှာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်မေလအတွင်းမှာ အက်ဖ်အေ ဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ဝက်ဖို့ဒ်အသင်းနဲ့ ဝင်ဘလေကွင်းမှာယှဉ်ပြိုင်ကစားရဖို့ရှိနေတာဖြစ်ပြီး အဲဒီပွဲစဉ်မှာလည်း ကီဗင်ဒီဘရိုင်း လွဲချော်ရတော့မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ မန်ယူအသင်း မေပြီ ၂၄ ရက်မှာ မန်ချက်စတာဒါဘီကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလည်း ဒီဘရိုင်းပါဝင်လာမှာမဟုတ်သလို ဒီဘရိုင်းဟာ ပါဝင်လာဖို့မသေချာတဲ့အပြင် ကြံ့ခိုင်မှုပြည့်ဝဖို့အတွက်လည်း နောက်ထပ်သီတင်းပတ်နှစ်ပတ်ကြာ စောင့်ရဦးမယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ် လက်ကျန်ပွဲစဉ် လေးပွဲကစားရဖို့ရှိနေပြီး မေပြီ ၂၄ ရက်မှာ မန်ယူအသင်းနဲ့ အဝေးကွင်း၊ မေပြီ ၂၈ ရက်မှာ ဘန်လေအသင်းနဲ့ အဝေးကွင်း၊ မေ ၆ ရက်မှာ လက်စတာ စီးတီးအသင်းနဲ့ အိမ်ကွင်း၊ မေ ၁၂ ရက်မှာ ဘရိုက်တန်အသင်းနဲ့ အဝေးကွင်း ကစားရမှာဖြစ်ပြီး မေ ၁၈ ရက်မှာတော့ ဝက်ဖို့ဒ် အသင်းနဲ့ အက်ဖ်အေ ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ် ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# အာရှ၏ပထမဆုံး AMI နည်းပညာသုံး မီတာဖတ်စနစ်နှင့် ဓာတ်အားခငွေကောက်ခံမှု မြို့နယ်နှစ်ခုတွင် ဆောင်ရွက်




**ရန်ကုန် မေ ၂၄**

အရှေ့တောင်အာရှတွင် ပထမဆုံးအသုံးပြုသော Advance Metering Infrastructure နည်းပညာသုံး မီတာဖတ်စနစ်နှင့် ဓာတ်အားခငွေကောက်ခံမှုကို ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် မေ ၂၃ ရက်မှစတင်ကာ ဆောင်ရွက်ပြီဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) မှ သိရသည်။

ရန်ကုန်မြို့ ပန်းပဲတန်းမြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အမှုဆောင်အရာရှိများ၊ Ever မီတာထုတ်လုပ်သူဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

"ဒီနေ့မှာစတင်ဖွင့်လှစ်လိုက်တဲ့ အဝေးထိန်းစနစ်ဖြင့် မီတာယူနစ်ဖတ်ပြီး ဓာတ်အားခကျသင့်ငွေကို ကောက်ခံနိုင်မည့် Advance Metering Infrastructure (AMI) စနစ်ဟာ အများပြည်သူတွေအနေနဲ့ သူတို့ရဲ့လက်ကိုင်ဖုန်းကနေတစ်ဆင့် သူတို့ရဲ့ဓာတ်အားသုံးစွဲမှုနဲ့ ဓာတ်အားခကျသင့်မှုကို သိရှိနိုင်တဲ့ ဝန်ဆောင်မှုဖြစ်ပါတယ်" ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ဦးက ပြောသည်။

ပန်းပဲတန်းမြို့နယ်တွင် မီတာအလုံးရေ ၁၅၀၀၀ ခန့်နှင့် ဒေါပုံမြို့နယ်တွင် မီတာအလုံး ၂၀၀၀၀ ကျော်ခန့်ရှိကာ စုစုပေါင်း AMI နည်းပညာသုံး မီတာအလုံး ၃၅၀၀၀ ကျော်ကို ဝန်ဆောင်မှုစတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အများပြည်သူများအနေဖြင့် AMI စနစ်ကို အသုံးပြုနိုင်ရန် Android ဖုန်းများ၏ PlayStore မှတစ်ဆင့် MeBill app ကို Downloaded လုပ်ပြီးကာ အသုံးပြုနိုင်ပြီဖြစ်သည်။ မိမိအိမ်တွင်ကျသင့်သော ဓာတ်အားခ၊ လက်ရှိအချိန်တွင် သုံးစွဲပြီးသောဓာတ်အားခ၊ ဓာတ်အားကို လမကုန်မီ ချွေတာနိုင်ရန်နှင့် ယူနစ်သုံးစွဲမှုများကို အချိန်နှင့်တစ်ပြေးညီ ဖုန်းအင်တာနက်ဖွင့်ကာ ကြည့်ရှုနိုင်ပြီး ဓာတ်အားခကျသင့်ငွေကို ဖုန်းမှတစ်ဆင့် ပေးဆောင်နိုင်ကြောင်း သိရသည်။

"Ever AMI စနစ်က e-Government စနစ်ကိုသွားတဲ့ အခြေခံစနစ်ဖြစ်ပါတယ်။ ဒါကိုနည်းပညာပိုင်းမှာ ကမ္ဘာ့အဆင့်ရှိတဲ့ အစ္စရေးနိုင်ငံရဲ့နည်းပညာ၊ ကိုရီးယားနည်းပညာတွေနဲ့ ကျွန်တော်တို့ရေးဆွဲထားတဲ့ System ပါ။ မီတာဘေဆောင်ရတဲ့ကိစ္စတွေ၊ ကျသင့်ငွေနဲ့ ဓာတ်အားသုံးစွဲမှုပမာဏတွေကို ဖုန်းနဲ့ ၂၄ နာရီကြည့်ရှုပြီး လျင်လျင်မြန်မြန် တိတိကျကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု Ever မီတာထုတ်လုပ်သူ ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## တိုတိုထွာထွာ ဖတ်စရာ

### ကလေးသူငယ်များ စာဖတ်ဝိုင်းကျင်းပ

**ပန်ဆိုင်း**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် နိုင်ငံတကာ စာအုပ်စာစောင်များနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းနှင့် စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ရုံး၌ ကျင်းပသည်။

ထို့နောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကလေးငယ်များအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရေမီတာသုံး ရေပေးဝေရေးစနစ် ဆောင်ရွက်မှုစစ်ဆေး

**ပေါက်တော**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါသစ်ကျေးရွာ၊ ကံချောင်းကျေးရွာ၊ သာစည်ကုန်းကျေးရွာတို့တွင် ပြည်သူ့ကျေးလက်နှင့် ယူနီဆက်တို့ ပူးပေါင်းကာ ရေမီတာသုံး ရေပေးဝေရေးစနစ် ဆောင်ရွက်နေခြင်းကို မေ ၂၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြတ်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းထက်အောင်တို့က သွားရောက်စစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်

**ဒိုက်ဦး**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကညင်တပင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ရေတွင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ပိုက်ဆက်သွယ်တန်းခြင်း သင်တန်းကို မေ ၂၂ ရက်မှ ၂၈ ရက်ထိ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်ကြားပို့ချရာ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

### ပေါက်မြို့နယ်၌ လမ်းပြကြယ် စာကြည့်တိုက်ဖွင့်

**ပေါက်**

ပေါက်မြို့နယ် ဓာတ်တော်ကျေးရွာ လမ်းပြကြယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း က စာပေဖတ်ရှုမှုမြင့်မားကာ အတွေးအခေါ်အယူအဆများ မြင့်မားတိုးတက်မှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပေါက်မြို့မစခန်းမှူး ဒုတိယရဲမှူး ဇေယျာသန်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး ဆောင်ရန်ရှောင်ရန်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ခင်သန်းဆင့်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး (ပေါက်)**

## ချောင်းဆုံမြို့နယ် ရွာလွတ်ရှိ သားရေကွင်းလုပ်ငန်း



**ချောင်းဆုံ မေ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း) ဒေသတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်လက်မှုလုပ်ငန်းများစွာထုတ်လုပ်နိုင်သည့်အတွက် ပြည်တွင်းသာမကပြည်ပနိုင်ငံများစွာက စိတ်ဝင်စားစွာဖြင့် လာရောက်လည်ပတ်လေ့လာလေ့ရှိသည်။

ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် ထုတ်လုပ်လျက်ရှိသည့် ရော်ဘာကုန်ကြမ်းမှတစ်ဆင့် ပြုလုပ်ရသည့် သားရေကွင်းများက ဒေသအနှံ့အပြားနှင့် ကျေးလက်ဒေသရှိ ကလေးသူငယ်များ ဆော့ကစားရာတွင် အသုံးပြုကြသည့် အပြင် ပစ္စည်းများထုပ်ပိုးရာမှာ အဓိကအသုံးပြုကြသည့် သားရေကွင်းကို ယနေ့အချိန်အထိ လုပ်ကိုင်နေကြသည်။

"ဒီလုပ်ငန်းက ကျွန်တော်တို့အဘိုးလက်ထက်တုန်းက အင်္ဂလိပ်လူမျိုးတွေပိုင်တဲ့စက်ရုံမှာ ဒေသခံတွေ အလုပ်ဝင်လုပ်နေရင်းနဲ့ တတ်လာတဲ့ပညာတွေပေါ့။ ဒီတုန်းက သူတို့စက်ရုံမှာ မိုပုံစံတို့ကအစ သတ္တုနဲ့လုပ်ထားတာပါ။ နည်းပညာကမြင့်တယ်။ ဒီကနေစပြီး ကိုယ့်ဒေသမှာ မိုပုံစံကအစ ပုံတူပေါ့။ သစ်သားနဲ့ထွင်းပြီးတော့ အသုံးပြုခဲ့တာ။ အခုအချိန်ထိ ဒီလိုပဲလုပ်ကိုင်နေကြပါတယ်" ဟု ရွာလွတ်ကျေးရွာမှ သားရေကွင်းလုပ်ငန်းလုပ်ကိုင်နေသူ ဦးမြင့်အောင်က ပြောပြသည်။

သားရေကွင်းအစားထိုးအသုံးပြုမှုများပြားလာခြင်းကြောင့် သားရေကွင်းလုပ်ငန်းလုပ်ကိုင်သူများက အရောင်းအဝယ်နှင့် ပစ္စည်းမှာယူသူတို့အပေါ်မူတည်ကာ ထုတ်လုပ်နေကြရသည်။

သားရေကွင်းတစ်ပေါင်လျှင် ကျပ် ၂၀၀ ခန့် အမြတ်ရရှိပြီး အဆိုပါလုပ်ငန်းကို အောက်တိုဘာလမှ မေလအထိသာ လုပ်ကိုင်ကြပြီး ရွာလွတ်ကျေးရွာမှ အလုပ်ရုံတစ်ရုံလျှင် တစ်နှစ်အတွင်း သားရေကွင်းပေါင် ၃၀၀၀၀ ခန့်ထုတ်လုပ်ကြကြောင်း သိရသည်။

**သတင်း-ကိုဟိန်း(ပေါင်)၊ ဓာတ်ပုံ-ထူးနေအိမ်၊ ကိုဟိန်း**

## ရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား သောက်သုံးရေများ သွားရောက်လှူဒါန်း




**ချောင်းဆုံ**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဇီးကုန်းကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် မေ ၂၃ ရက်က မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ ရေဂါလန် ၁၅၀၀ ဆံ့ ယာဉ်တစ်စီးနှင့် ရေဂါလန် ၂၅၀၀ ဆံ့ ယာဉ်နှစ်စီးဖြင့် သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့ကြရာ ကျေးရွာရှိ အိမ်ခြေ ၂၀၀ ကျော်အား ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နွေရာသီ အပူချိန်မြင့်တက်လာမှုကြောင့်အဝီစိတွင်းများ၊ ရေတွင်းများ ခန်းခြောက်လာရာ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့လာရကြောင်း သိရသည်။

ရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား မြို့နယ်မီးသတ်စခန်းမှ ရေသယ်ယာဉ်၊ ကျွဲကူးမီးသတ်စခန်းမှ ရေသယ်ယာဉ်၊ အရန်မီးသတ်စခန်းများမှ ရေသယ်ယာဉ်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တို့ဖြင့် ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များပူးပေါင်း၍ နေ့စဉ်ရေလှူဒါန်းပေးလျက်ရှိပြီး မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ မေ ၂၃ ရက် နံနက်ပိုင်းတွင် ရေရှားပါးမှုအခက်အခဲကြုံတွေ့နေရသည့် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းစာရင်းကောက်ယူ၍ ရေပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြိတ် (ပြန်/ဆက်)**

**ပုဗ္ဗသီရိ**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မေ ၂၃ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာနှင့် ဆင်ဖြူရှင်ရပ်ကွက်ရှိ စေတနာရှင်ပြည်သူများပူးပေါင်း၍ စက်ကုန်းကျေးရွာနှင့် ဖက်တဲကုန်းကျေးရွာတို့သို့ ရေများသွားရောက်လှူဒါန်းခဲ့သည်။

စက်ကုန်းကျေးရွာသို့ ရေဂါလန် ၁၆၀၀ နှင့် ဖက်တဲကုန်းကျေးရွာသို့ ရေဂါလန် ၁၆၀၀ စုစုပေါင်း ရေဂါလန် ၃၂၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေအခက်ကြုံနေသော ကျေးရွာများအား မေ ၂၀ ရက်မှစတင်၍ ရေများလှူဒါန်းပေးခဲ့ရာ ရေဂါလန်ပေါင်း ၁၄၆၀၀ ကို သောက်သုံးရေအခက်ကြုံနေသော ကျေးရွာလေးရွာသို့ လှူဒါန်းပေးနိုင်ခဲ့ပြီး နွေရာသီကာလအတွင်း သောက်သုံးရေအခက်ကြုံနေသော ကျေးရွာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကံချွန် (ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အင်းယား၏ အတ္ထုပ္ပတ္တိ




စီးပွားရေးတက္ကသိုလ်ကျောင်းသားဘဝတွင် တွေ့ကြုံဖြတ်သန်းခဲ့ရသည့် အကြောင်းအရာများကို စာရေးသူကို ရွှေမိုး(စီးပွားရေးတက္ကသိုလ်) စီစဉ်ရေးသားသည့် အင်းယား၏အတ္ထုပ္ပတ္တိစာအုပ်ထွက်ရှိလာသည်။

လွန်ခဲ့သည့် ၁၉၉၃ ခုနှစ်နောက်ပိုင်းကာလက စီးပွားရေးတက္ကသိုလ်ကျောင်းသားတစ်ဦး၏ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို စာရေးသူက ကြိုးစားပြီးရေးသားထားသည့် အဖြစ်အပျက်များသည်။ ဖြစ်ရပ်မှန်တွေချည်း မဟုတ်ဘဲ စိတ်ကူးအိပ်မက်များကိုထည့်သွင်းရေးသားထားသည်။ ကျောင်းသားဘဝ လူငယ်သဘာဝကို မေတ္တာဇာတ်လမ်းစုအနေဖြင့် ရေးသားထားသည်။ အဆိုပါဇာတ်လမ်းလေးထဲမှ ပါဝင်သည့် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တို့သည် မည်သူကိုမျှရည်ရွယ်၍ ရေးသားထားခြင်းမဟုတ်ကြောင်း တိုက်ဆိုင်မှုရှိပါကခွင့်လွှတ်နိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို ရွှေမိုးသဲစာပေ၊ အမှတ်-၇၂(A-2)၊ မာလာမြိုင်-၆လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၆၈၉၉၄၂၂၈၇မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**


## ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ အဓိဋ္ဌာန်ဝင်ပူဇော်ဆုတောင်းနည်းများ



ဂမ္ဘီရဆရာလုမျိုး(B.Sc)စီစဉ်ရေးသားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ အဓိဋ္ဌာန်ဝင် ပူဇော်ဆုတောင်းနည်းများစာအုပ် ထွက်ရှိလာသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားတန်ခိုးကြီးမားသော စေတီတော်မြတ်ကြီးဖြစ်ပြီး စာရေးသူအနေဖြင့် ဂမ္ဘီရပညာကို လေ့လာလိုက်စားချိန်တွင် ရွှေတိဂုံစေတီတော်သို့ရောက်သောအခါ ငယ်စဉ်ကနှင့်မတူတော့ပါ။ အဓိဋ္ဌာန်ဝင်ပူဇော်ဆုတောင်းပြုပြီး ဆုတောင်းပြည့်ဘုရားနှင့် ထူးခြားမှုများကို ဆောင်းပါးရေးဖြစ်သည်။ ဓမ္မမိတ်ဆွေအချို့ကလည်း စာရေးသူရေးပြမှပဲ ဒီဘုရား ဒီနေရာမှာရှိသည်ကို သိရသဖြင့် ဘုရားသွားဖူးပြီး အဓိဋ္ဌာန်ဝင်တော့မှ ဆုတောင်းပြည့်ကြောင်း၊ စာရေးသူကိုကျေးဇူးတင်ကြောင်း၊ နဂါးကိုးကောင် ဘုရားဆောင်းပါးကိုဖတ်၍ ပြောဆိုသည့်အသံများကိုကြားရသောအခါ စာရေးသူသည် ပီတိဖြစ်မိကြောင်း ရေးသားထားသည်။ **စာအုပ်ကို မဥ္ဇူမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃နှင့် ၀၁ ၈၃၉၂၈၃၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## သားသမီးမွေးစားခြင်းနှင့် သားသမီးများအမွေဆက်ခံရေး




စာရေးသူဦးကျော်ဇေယျ စီစဉ်ရေးသားသည့် သားသမီးမွေးစားခြင်းနှင့် သားသမီးများအမွေဆက်ခံရေးစာအုပ် ထွက်ရှိလာသည်။

တစ်ဦးတစ်ယောက်ကို အခြားသူတစ်ယောက်က ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်းကြောင့် မွေးစားခံရသူအနေဖြင့် မိရင်းဖရင်းထံမှ အမွေဆက်ခံခွင့် ဆုံးရှုံးသည်ဆိုသော ဥပဒေမူသဘောသည် မိရင်းဖရင်း မကွယ်လွန်မီ သို့မဟုတ် မိရင်းဖရင်း၏အမွေကို ဆက်ခံခွင့်မရမီ မွေးစားခြင်း ပြုလုပ်သည့် ကိစ္စများနှင့်သာ အကျုံးဝင်သက်ဆိုင်သည်။ မိရင်းဖရင်း၏အမွေကို ဆက်ခံခွင့်ရပြီး နောင်တွင်မှ မွေးစားခြင်းပြုလုပ်သည့်ကိစ္စများနှင့် အကျုံးဝင်ခြင်း မရှိချေ။ မိရင်းဖရင်းကွယ်လွန်၍ မိရင်းဖရင်း၏ အမွေကို ဆက်ခံခွင့်ရပြီးမှ မွေးစားခြင်းပြုလုပ်သည့်ကိစ္စတွင် အမွေဆက်ခံခွင့်မှာ အပြီးအပိုင်ရရှိသည့် အခွင့်အရေးဖြစ်သောကြောင့် ဆုံးရှုံးရန်အကြောင်းမရှိကြောင်း ရေးသားထားသည်။

**မယ်နဲ့မောင်စာပေ၊ အမှတ်-၁၇၈ (ပထမထပ်)၊ အနော်ရထာလမ်း၊ ၃၃လမ်း × ၃၄ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၄၃၀၄၅၈၃၅နှင့် ၀၁ ၂၄၃၆၁၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဝါးဆေးရုံ



နန်းနန်း(ရှမ်းပြည်) ဘာသာပြန်ဆိုထားသည့် ဝါးဆေးရုံစာအုပ်ထွက်ရှိလာသည်။

ခရစ်ယာန်သာသနာပြုရန်အတွက် အမေရိကန်လူငယ်စုံတွဲ ဒေါက်တာဟင်ဒါစင်နှင့် ကော်ရာတို့သည် ရှမ်းပြည်နယ်တွင် သာသနာပြုရန် ၁၈၉၃ ခုနှစ်က ခက်ခက်ခဲခဲရောက်လာကြသည်။ မိုးနဲမြို့တွင် ဆေးဝါးကုသပေးခြင်း၊ သာသနာပြုခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့သော်လည်း နယ်ရှင်စော်ဘွားနှင့် ဒေသခံပြည်သူလူထု၏အားပေးထောက်ခံမှုနှင့် ယုံကြည်မှုမရသည့်အပြင် ရှေးရိုးစွဲအယူသီးမှုများကြောင့် ယင်းတို့ဆောင်ရွက်သည့် လုပ်ငန်းများတွင် အခက်အခဲများဖြင့် ကြုံတွေ့ခဲ့ရသည်။ စော်ဘွား၏ ယုံကြည်မှုရရှိလာအောင်လုပ်ပေးနိုင်ခြင်း၊ ဆေးကုသရေးနှင့် အခြားသော လူမှုရေးပိုင်းများတွင် စေတနာထား၍လုပ်ဆောင်ပေးခဲ့ခြင်းကြောင့် အောင်မြင်မှုရလာခဲ့ကြောင်း ရေးသားထားသည်။ **စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ် (H)၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့(၁၂)လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

# အနုပညာ



## ပီးပဲလ်နှစ်ပတ်လည်မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင် ဂျနီဖာဂါနာ

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့မင်းသမီးတစ်လက်ဖြစ်ပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်တဲ့ ဂျနီဖာဂါနာဟာ ကမ္ဘာကျော် ပီးပဲလ်မဂ္ဂဇင်းကြီးရဲ့ နှစ်ပတ်လည်အတွက် အထူးထုတ်မဂ္ဂဇင်းမှာ မျက်နှာဖုံးရှင်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်ပတ်လည်မဂ္ဂဇင်း "The Beautiful Issue" မှာ မျက်နှာဖုံးရှင်ဖြစ်ခွင့်ရတာဟာ ၂၀၁၉ ခုနှစ်အတွက် အလှပဆုံးသူအဖြစ် ရွေးချယ်ဖော်ပြခြင်းခံရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျနီဖာဂါနာဟာ အနုပညာလုပ်ငန်းတွေမှာ အောင်မြင်ရုံသာမက ပရဟိတလုပ်ငန်းတွေမှာလည်း သူ့ရဲ့အချိန်တွေကို ခွဲဝေပေးကာ လုပ်ဆောင်ခဲ့တာကြောင့် ပီးပဲလ်မဂ္ဂဇင်းရဲ့ ယခုလိုရွေးချယ်ဖော်ပြခြင်းခံရတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာဂါနာဟာ အောင်မြင်တဲ့ကြယ်ပွင့်တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ကလေးတွေအတွက် အော်ဂဲနစ်အစားအစာတွေကို ရောင်းချပေးတဲ့ ကုမ္ပဏီကိုလည်း တည်ထောင်ထားပြီး အောင်မြင်နေတဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာပရဟိတလုပ်ငန်းတွေကိုလည်း လုပ်ဆောင်နေပြီး "Save the Children" အစီအစဉ်ရဲ့ သံတမန်တစ်ဦးအဖြစ်လည်း ဆောင်ရွက်နေပါတယ်။ သူနဲ့ မင်းသားဘန်အက်ဖ်လက်ခ်တို့ဟာ လက်ရှိမှာတော့ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါတယ်။ ဘန်အက်ဖ်လက်ခ်နဲ့သူ့ရဲ့ရင်သွေးလေးသုံးဦးကို ဂျနီဖာဂါနာက ပြုစုစောင့်ရှောက်ပေးနေပြီး ပျော်ရွှင်တဲ့ဘဝကို ဖြတ်သန်းနေသူတစ်ဦးလည်း ဖြစ်ပါတယ်။ အောင်မြင်နေသူတစ်ဦးဖြစ်ပေမယ့် ဂျနီဖာဂါနာဟာ ရိုးရှင်းတဲ့ဘဝနဲ့နေထိုင်တဲ့ ကြယ်ပွင့်တစ်ဦးလည်း ဖြစ်တယ်လို့သိရပါတယ်။

## အခမ်းအနားပြန်လည်တက်ရောက်လာတဲ့ ဖန်ဘင်းဘင်း



တရုတ်မင်းသမီး ဖန်ဘင်းဘင်းကို လတ်တလောမှာတော့ စီးပွားရေးနဲ့ဆိုင်တဲ့ အခမ်းအနားတစ်ခုကို တက်ရောက်လာတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၂၂ ရက်မှာတော့ ဖန်ဘင်းဘင်းဟာ မီဒီယာပလက်ဖောင်းတစ်ခုရဲ့ ကိုးနှစ်မြောက်နှစ်ပတ်လည်နေ့ကို တက်ရောက်လာတာပါ။ ဒါဟာ အခွန်ရှောင်ရှားမှုနဲ့ပတ်သက်ပြီး တရားရင်ဆိုင်ခဲ့ရပြီးနောက် တစ်နှစ်ကျော်ကာလအတွင်း ဖန်ဘင်းဘင်းကို ပထမဆုံးအကြိမ်အဖြစ် အခမ်းအနားတက်ရောက်တာ တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှ တတိယအကြီးဆုံး မီဒီယာပလက်ဖောင်းရဲ့ နှစ်ပတ်လည်နေ့အခမ်းအနားမှာတော့ အနုပညာရပ်ဝန်းက ဖန်ဘင်းဘင်းကို နွေးနွေးထွေးထွေး ကြိုဆိုနေဆဲဖြစ်တာကိုလည်း တွေ့ရတယ်လို့ အေးရှားဝမ်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

## အမေရိကန်ကို အလည်အပတ်ရောက်ရှိနေတဲ့ ပါ့ခ်ရှင်ဟေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ပါ့ခ်ရှင်ဟေးဟာ လတ်တလောမှာတော့ အမေရိကန်မှာ ရောက်ရှိနေပါတယ်။ သူ့ရဲ့အစ်ကိုဖြစ်သူဆီကို အလည်အပတ်သွားရောက်ခဲ့တာဖြစ်ပြီး အစ်ကိုဖြစ်သူနဲ့ ကမ်းခြေတစ်ခုမှာ ရိုက်ကူးထားတဲ့ဓာတ်ပုံကို သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုတွေ့ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

SHWE BANK

ကျေးဇူးအထူးတင်ရှိခြင်း




( ၂၄ - ၄ - ၂၀၁၉ ) ရက်နေ့တွင် ကျင်းပခဲ့သည့် "ရွှေဘဏ်" ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏မွန်ပြည်နယ်၊မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းဘဏ်ခွဲအား ဖဲကြိုးဖြတ်စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြပါသော မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးဟဏ္ဍာကျော်၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာခင်မောင်ဝင်း၊ရွှေသံလွင်ကုမ္ပဏီလီမိတက်နာယကအဂ္ဂမဟာသိရီသုဓမ္မသီရိ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဒေါ်နီနီနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါသော မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ဘက်နယ်ဘက်မှ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ညီနောင်အသင်းမှ တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ဒေသခံစီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းဘဏ်များမှ တာဝန်ရှိသူများ၊ ဂုဏ်ပြုလက်ဆောင်များပေးပို့ချီးမြှင့်ကြပါသောမိတ်ဆွေသင်္ဂဟများနှင့်ဖွင့်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအား ကျေးဇူးအထူးတင်ရှိပါသည်။

ရွှေဘဏ်
ဒါရိုက်တာအဖွဲ့ဝင်များ
နှင့်
ဘဏ်ဝန်ထမ်းများ

ဘဏ်ခွဲတည်နေရာ - အမှတ်-၂၆ ၊ ဒိုင်းဝန်းကွင်းလမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့။
၀၅၇ ၂၀၂၄၅၃၃၆ ~ ၈ ၊ ၀၅၇ ၂၀၂၄၅၆၇ ~ ၈

FREE ENTRY

Supported by
Royal Thai Embassy

Organized by
Association of Myanmar Alumni from Universities in Thailand
AMAUT

Collaboration with
Thai Business Association of Myanmar
TBAM

ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ
THAILAND EDUCATION FAIR (MYANMAR) 2019

YANGON
27 April
@Sule Shangri-La Hotel
9:00 am - 15:00 pm

MANDALAY
28 April
@Hotel Shwe Pyi Thar
9:00 am - 15:00 pm

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပသည့် ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီ နာမည်ကြီးတက္ကသိုလ်များစွာ ပါဝင်ပြသမည့် ပညာရေးပြပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပါမည်။
ထိုင်းနိုင်ငံတွင် ဘွဲ့၊မဟာဘွဲ့၊ပါရဂူဘွဲ့များ သင်ကြားတက်ရောက်လိုပြီးကျောင်းဝင်ခွင့်လိုအပ်ချက်များနှင့်တကွ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များအား အသေးစိတ်သိလိုသော ကျောင်းသားကျောင်းသူများ၊ မိဘများ၊ဆရာများနှင့်စိတ်ဝင်စားသူမည်သူမဆို ဝင်ကြေးမဲ့ လာရောက်လေ့လာစုံစမ်းဆွေးနွေးရန်ဖိတ်ခေါ်အပ်ပါသည်။



For more information, please contact: 09 441320909

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာအမျိုးသားလေကြောင်းမှ စက်သုံးဆီ(ဒီဇယ်ဆီ)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာများပေးပို့ရန် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်နေ့ | - ၂၉-၄-၂၀၁၉ ရက်မှ ၃-၅-၂၀၁၉ ရက်ထိ ( ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် | - ၉-၅-၂၀၁၉ရက်နေ့ ၁၆:၀၀ နာရီ |
| (ဂ) | တင်ဒါပုံစံနှင့်စည်းကမ်းချက် | - အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၁-၃၇၁၁၃၀ |

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

EUROPE TRUSTED IN FOR NEARLY 100 YEARS

ပိုမိုကောင်းမွန်သော
လူနေမှုဘဝကို ပုံဖော်ခြင်း

Electrolux



WAI YAN
Electrolux Air-Conditioner ATN'CY Trading Co.,Ltd
https://www.facebook.com/ElectroluxMM

## ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၅/ပင်လုံရပ်၊ ဦးပိုင်အမှတ်- ၂၃၊ မြေကွက်အမှတ်- ၂၇၊ ဧရိယာ-၀.၁၅၆ ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်- ၂၂၇ ဟုခေါ်တွင်သော (၇)ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဦး (၁၂/ကမရ(နိုင်)၀၂၈၈၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး (LL.B., LL.M.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂ ၀၉-၇၉၇၉၀၅၉၅၉။

**ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**


THE CENTRAL
45 UNITS LEFT
AT THE LAST LAKE-VIEW TOWER
THE CENTRAL PRESTIGE
YANGON
HOTLINE
+959 777 773 770
/THECENTRALYANGON
GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.
WWW.THECENTRAL.COM.MM
DEVELOPED BY
MARGA LANDMARK
All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

မေလ ၃ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂(က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၅ ၅၀၅၅၂၀၃၊ ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၉၅ ၅၁၀ ၂၁၃၃

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၅၀၀၀ |
| ပထမတန်း | ၄၅၀၀၀ |
| ဒုတိယတန်း | ၄၅၀၀၀ |
| တတိယတန်း | ၄၅၀၀၀ |
| စတုတ္ထတန်း | ၅၀၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၅၀၀၀၀ |
| ဆဋ္ဌမတန်း | ၅၀၀၀၀ |
| သတ္တမတန်း | ၅၀၀၀၀ |
| အဋ္ဌမတန်း | ၅၅၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၆၀၀၀၀ |
| ဒသမတန်း | ၇၀၀၀၀ |

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။
ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။

- နိုင်ငံတော်မှချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအပြင် ထပ်ဆောင်း၍ အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း ပညာရပ်များကိုထည့်သွင်းသင်ကြားပေးနေပါသည်။
- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန်နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက် Study Guide အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမြှုပ်နှံထားသော ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပပြုလုပ်သည့်

MYANMAR PHARMACEUTICAL & MEDICAL EQUIPMENT ENTREPRENEURS' ASSOCIATION

ပထမအကြိမ် တရားဝင်တင်သွင်း၊ ထုတ်လုပ်သော

# ဆေးနှင့်ဆေးပစ္စည်းဈေးပွဲတော်

ပါဝင်ပြသမည့်ကဏ္ဍများ
- ဆေးဝါးနှင့်ဆေးပစ္စည်းများ
- ကျန်းမာရေးဆိုင်ရာ ဖြည့်စွက်စာများ
- သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ ပစ္စည်းများ
- ဓါတ်ခွဲခန်းသုံးပစ္စည်းများ
- အရေပြားနှင့် အလှအပဆိုင်ရာဆေးဝါးများ
- တိုင်းရင်းဆေးဝါးများ
- ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၇) မှ (၂၉) ရက်နေ့
နံနက် ၀၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ
"တပ်မတော်ခန်းမ"
ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဝင်ကြေးအခမဲ့

Main Sponsor
Oramin-F

Co-Sponsors
GRAND HANTHA INTERNATIONAL HOSPITAL
ZAR & ZAR
ROYAL RUBY
Ferro-Denk 50
ZEYA & ASSOCIATES Co., Ltd

Media-Sponsor
ZAR & ZAR

အထူးဈေးနှုန်းများဖြင့်ရောင်းချပေးခြင်း။ Discount ပေးခြင်း။ FOC ပေးခြင်း။ ဆေးဝါးနမူနာများနှင့်
လက်ဆောင်ပစ္စည်းများပေးခြင်း။ Luckydraw စသည့်အထူးအစီအစဉ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

MINGALAR CINEMAS

Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ / ရွှေဂုံတိုင် | သွင် / ရွှေဆောင် | မင်္ဂလာ | မင်္ဂလာ | နေပြည်တော် | မင်္ဂလာစံပြ | မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003 |
| Top Royal | မင်္ဂလာဝဇီရာ / စိန်ဂေဟာ | မင်္ဂလာ (ဂမုန်းပွင့်) | ဝင်းလိုက် / မြို့မ | မင်္ဂလာဒိုင်းမွန်း | Central Point 09954086841 09954086842 09954086843 | မင်္ဂလာ မန်းနေပြည်တော် |
| မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာ ICON Mall (ပဲခူး) | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ (မကွေး) | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) | မင်္ဂလာ ဘုရင် (မော်လမြိုင်) | မင်္ဂလာ မြစ်နှာ / မင်္ဂလာ Ocean |

မြို့ရှင်ဂေမှောင်ရီလား
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ TopRoy၊ မင်္ဂလာစံပြ၊
မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊
ဘုရင်နောင်(တာမွေ)
မန္တလေး-ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊
မန်းနေပြည်တော်၊ Central Point
ပြည်-မင်္ဂလာထွန်းသီရိ တောင်ငူ-NEW 3D CINEMA
မကွေး-မင်္ဂလာစံပြ မော်လမြိုင်-မင်္ဂလာဘုရင်
ပဲခူး-မင်္ဂလာIcon၊ ရွှေဟင်္သာ
မုံရွာ-မင်္ဂလာမြစ်နှာ၊ မင်္ဂလာ Ocean


AVENGERS ENDGAME(3D)
နေပြည်တော်၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊
စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင်နောင်(တာမွေ)
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည်-မင်္ဂလာထွန်းသီရိ
ပဲခူး-မင်္ဂလာIcon၊
တောင်ငူ-NEW 3D CINEMA
မကွေး-မင်္ဂလာစံပြ
မုံရွာ-မင်္ဂလာမြစ်နှာ၊ မင်္ဂလာ Ocean

နှိုဘီလူး
ရွှေဆောင်၊


ဇယ်ဒီဖားကင်
ရွှေဆောင်၊

ဘယ်ညာဘယ်ညာ
ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊
ဘုရင်နောင်(တာမွေ) မုံရွာ-မင်္ဂလာ Ocean
မန္တလေး-မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ ပဲခူး-မင်္ဂလာIcon
ပြည်-မင်္ဂလာထွန်းသီရိ မော်လမြိုင်-မင်္ဂလာဘုရင်

၂၅-၄-၂၀၁၉ နေ့မှ ပြသည့်ဇာတ်ကားသစ်များ









ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

နိုင် ငံ သာ ယာ ဝ ပြော ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

“မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မဈေးသွားကားလမ်းမကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆီပန့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။” 09-2039566, 09-448548778, 09-8300442

## K & H Travels

ဥရောပခရီးစဉ်များ
* ၂၉ထွက် ဗီယက်နမ်မြောက်အလယ်ပိုင်းခရီးစဉ်(၆)ယောက်လို USD 599

အမေရိကခရီးစဉ်များ
* ၁၂ ထွက် ဘူတာန်ခရီးစဉ် USD 2290
* ၁၈ ထွက် ဗီယက်နမ်တစ်နိုင်ငံလုံးခရီးစဉ် USD 979
* ၂၉ ထွက် စင်္ကာပူခရီးစဉ် USD 760

ဇွန်လခရီးစဉ်များ
* စင်္ကာပူခရီးစဉ်များ
* ဗီယက်နမ်ဟိုချီမင်းခရီးစဉ်
* ကမ္ဘောဒီးယားခရီးစဉ်

ဇူလိုင်လခရီးစဉ်များ
* ဘာလီခရီးစဉ်
* ဗီယက်နမ်မြောက်အလယ်ပိုင်းခရီးစဉ်

Room No.(105), Ground Floor, Novotel Hotel.
09-447016883, 09-766946609

## ပညာတံခွန် (၁၀တန်းအထူးသီးသန့်ဘော်ဒါ)

- ကျောင်းသား(၂၅)ဦးသာလက်ခံမည်။
- လုံခြုံစိတ်ချ၍ ကျယ်ဝန်းသန့်ရှင်းသော အစားအသောက် အဆင်ပြေသောနေရာဖြစ်သည်။
- ဘော်ဒါမတက်ခင်(၁)လတာ စမ်းသပ်တက်ရောက်နိုင်သည်။
- အတန်းမကြေခဲ့သူများအား အခြေခံမှစ၍ပြန်လည်သင်ကြားပေးမည်။ စာများကိုတစ်ထိုင်တည်းရသည်အထိ ကျက်မှတ်ပေးခြင်း၊ ထပ်ခါထပ်ခါမေးမြန်းခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်ပေးသည်။ သင်ကြားရေး (၁၀၀%) အာမခံသည်။

အမှတ်(၃၆)၊ လောဘ်မိုးဆွေလမ်း၊ ပီတောက်လမ်းမှတ်တိုင်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်။
Ph: 09-420275663

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း

အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းအောင်/ကျ၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့လျှင် စာအုပ်အသစ်နဲ့ မဖြစ်မနေတက်ပါ။

မေလ(၄/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## Pearson LCCI မှ ရိုးမြင့်သော ရွှေတံဆိပ်ဆုရသင်တန်းကျောင်း

# စီးပွားယန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

LCCI စာရင်းကိုင်သင်တန်း Level 1+2+3

2019 December Series(May)တန်းခွဲသစ်များ(4.5.2019)ဖွင့်မည်။

သင်တန်းကြေး (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (4.5.2019) အတွင်းအပ်နှံသူများ 10% Discounts ရမည်။

09-5118647-73009869-73013432-73028433

## Moneda Fashion

လုပ်ငန်းရှင်များ၏ဝန်ထမ်းများအတွက် တူညီဝတ်စုံ
Sportshirt - ၃၉၅၀ကျပ်
Shirtလက်တို - ၆၅၀၀ကျပ်
Style pants - ၅၀၀၀ကျပ်
မှစ၍အရောင်, Designစိတ်ကြိုက်
Orderလက်ခံဆောင်ရွက်ပေးပါသည်။

ကုန်ပစ္စည်းအရောင်းမြှင့်တင်သည့် Promotion item (ဘောပင်၊ ဖန်ခွက်၊ ထီး၊ ဦးထုပ်၊ သဘက်) များကိုလည်း အနည်းဆုံး - ၈၅၀ကျပ်မှ စ၍ ဆေးရိုက်ပါအပြီး လက်ခံဆောင်ရွက်ပေးပါသည်။

အထည် (၁၀၀)နှင့်အထက် မှာယူသူများကို လိပ်စာအရောက်ပို့ပေးပါသည်။ (ရန်ကုန် Downtown ဧရိယာအတွင်း)

အမှတ် (၇၉)၊ (၁၂၄)လမ်း၊ မင်္ဂလာတောင်ညွှန့်(မင်္ဂလာဈေးအနီး)၊ ရန်ကုန်။
01-9000260, 01-292129, 09-250388594

## ဝန်ထမ်းအလိုရှိသည်

1.Manager (ဘွဲ့ရ) (1)M
* Marketing Planများရေးဆွဲနိုင်သူဖြစ်ရမည်။
* Costomer Service and Problem Solving Skill ရှိသူဖြစ်ရမည်။
* ဝန်ထမ်းများကို ကောင်းမွန်စွာအုပ်ချုပ်နိုင်ရမည်။
* Self-motivate ကောင်းသူဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိရမည်။ (စားသောက်ကုန်နှင့်လူသုံးကုန်လုပ်ငန်း)

2.Supervisor and Sale (3)M/F
* လုပ်ငန်းအတွေ့အကြုံရှိသူ၊ အပြောဆိုပြေပြစ်သူဖြစ်ရမည်။
* အသက်(၂၀-၃၅)အတွင်း

3.ဂိုဒေါင်စာရင်းကိုင် (ဘွဲ့ရ) (1)M/F
* ပစ္စည်းအဝင်/အထွက်စာရင်းကိုင်လုပ်ဖူးရမည်။

4.Driver (1)M
* အသက်(၃၀-၄၀)ကြား၊ အသောက်အစားကင်းရမည်။

မြန်မာ့ဂုဏ်ရည်လမ်းနှင့်မာလာမြိုင်လမ်းထောင့် သာကေတစက်မှုဇုန်။ ph-09-965115999

# နှစ်သစ်ဆုမွန်ကောင်းပို့သခြင်း

စတင်ထုတ်လုပ်ချိန်မှစ၍ ယနေ့အချိန်ထိ အမှတ်တံဆိပ်တစ်မျိုးတည်းကိုသာ ထုတ်လုပ်လာခဲ့သော Royal-D သည် အခြားသော အမှတ်တံဆိပ်အခွဲများ ထပ်မံထုတ်လုပ်ထားခြင်းမရှိပါကြောင်း ချစ်သော မိဘပြည်သူအပေါင်းအား လေးစားစွာအသိပေးလိုပါသည်။

ယနေ့အထိ ချစ်ခင်နှစ်သက်စွာ၊ သစ္စာရှိစွာ အားပေးလာကြသော မိဘပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနှစ်သစ်ကူး အတာသင်္ကြန် အခါသမယတွင် Royal-D ချစ်သူများအားလုံး ကြည်နူးရွှင်ပြချမ်းမြေ့ပါစေကြောင်း ဝမ်းမြောက်စွာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# Royal-D

ELECTROLYTE BEVERAGE




ချွေး ထွက် များ လို့ ရေ ဓာတ် ဆုံး ... ရွိုင်ရယ်-ဒီ သာ အကောင်းဆုံး

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-ဃ/၃၇၊ မြေကွက်တည်နေရာအမှတ်-ဃ/၃၇၊ ရေတမာလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း မရမ်းကုန်းမြို့နယ် ဦးမြင့်သိန်း[၁၂/တမန(နိုင်)၀၈၃၆၅၁]၊ ဦးကျင်သိန်း[၁၂/ဗဟန(နိုင်)၀၇၉၈၇၀]အမည်ပေါက်- ၂၅နှစ်မြေငှားဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် ဦးမြင့်သိန်းမှာ ၂၆-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်တင်မော်[၁၂/တမန(နိုင်)၀၈၃၆၄၆]မှ ကွယ်လွန်သူခင်ပွန်း ဦးမြင့်သိန်း၏ ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာပိုင်ဆိုင်ကြောင်း အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာတို့နှင့်အတူ ပူးတွဲအမည်ပေါက်ဖြစ်သည့် ဦးကျင်သိန်း[၁၂/ဗဟန(နိုင်)၀၇၉၈၇၀]၏ GPရရှိသူဒေါ်အေးအေးခိုင်[၁၂/ဗဟန(နိုင်)၀၇၉၈၆၅]မှ GP အထောက်အထား၊ GPအတွက် ကျမ်းကျိန်လွှာ ၂၅နှစ်ဂရန်တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမောင်မောင်လတ် (Leo Mya Yin)

**တိုင်းနှင့်ပြည်နယ်ဦးစီးမှူး (ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ အမှတ်(၈၈၆-င)၊ အောင်စေတီကျောင်းလမ်း၊ (၁၀)မိုင်၊ ပြည်လမ်းနေ စက်ရှင်မင်းကြီး(ဦးမြရင်-ဒေါ်ခင်ညွန့်)တို့၏သား၊ စက်ရှင်မင်းကြီး (ဦးဘချစ်-ဒေါ်ခင်မမ)တို့၏ သားသမက်၊ (ဒေါ်တင်မျိုးဝေ- JUNE BA CHIT)၏ ခင်ပွန်း၊ ဒေါ်ညွန့်ဦးယဉ် @ CHERYL HERD-KEITH HERD (CANADA)၊ ဒေါ်သော်တာယဉ် @ AMANDA-ဦးခင်မောင်ထွေး @ TONY NYEIN (DIRECTOR SEA WIND SHIPPING)၊ ဦးနေမျိုးရင် @ CHRIS၊ ဦးအောင်မျိုးရင်@ PEEPO တို့၏ ချစ်လှစွာသောဖခင်၊ မကေရီမောင်-ကိုဟန်လင်းမောင်မောင်(USA)၊ မသဥ္ဇာမောင် @TIFFANY-ကိုသီဟမျိုးလွင်(THAILAND)၊ JAMES BENJAMIN YIN, MATTHEW BRENDEN YIN (UK)တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၃၂ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်စန်းစန်းရင်

**ဗိုလ်မှူး-ငြိမ်း၊ တပ်မတော်-ဆေး**

**အသက် (၇၈) နှစ်**

မိတ္ထီလာမြို့ ပထမလမ်းမတော်၊ သင်္ဂဟဆေးတိုက် နေ(ဗိုလ်မှူးစိန်ရီ)၏ ဇနီး၊ မန္တလေးမြို့နေ ဒေါက်တာလှဘုန်း-ဒေါက်တာမိမိသော်၊ ဒေါက်တာစိုးသူအောင်-ဒေါက်တာစံပယ်ဖူး၊ မိတ္ထီလာမြို့နေ ဦးမြတ်မင်း-ဒေါ်မြတ်လေးရီ(ခ)မမျိုး၊ ဦးအောင်ပွင့်စိုး-ဒေါ်မှုံချယ်လွင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါက်တာဒေါ်စန်းစန်းရင်သည် ၂၄-၄-၂၀၁၉ ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

## ဦးကျော်ဇေယျ (ခ) ကိုရေခဲ

**အသက် (၄၉) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၇၁)၊ သရဖီ(၁)လမ်း၊ (၃၄)ရပ်ကွက်နေ (ဦးကျော်ဦး)-ဒေါ်ကျင်မြတို့၏သား၊ (ဦးလှထွန်း-ဒေါ်ခင်တိုး)တို့၏ သားသမက်၊ ဦးအောင်စိုးမြင့်၊ ဒေါ်အေးအေးခိုင်၊ ကိုအေးလွင်-မစန်းစန်းဝင်း၊ ကိုနိုင်လွင်-မအိအိနိုင်တို့၏ အစ်ကိုကြီး၊ ဒေါ်စင်သီလှထွန်း၏ ခင်ပွန်း၊ မသက်နန္ဒာဆွေ၏ဖခင် ဦးကျော်ဇေယျ(ခ) ကိုရေခဲသည် ၂၄-၄-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အုံးကြည် (ကျောက်ပန်းတောင်း)

**အသက် (၉၁) နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာနမှ ဒု-လက်ထောက် ညွှန်ကြားရေးမှူး ဦးဌေးလွင်စိုး၏မွေးသမိခင် ဒေါ်အုံးကြည် အသက် (၉၁) နှစ်သည် ၂၄-၄-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးထိန်လင်း

**ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အသက် (၅၆) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်လင်းသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးသန္တာဝင်း

**အသက် (၄၂)နှစ်**

**ဒါရိုက်တာ၊ ငွေကြယ်အိမ်ဂရု(ပ်)ကုမ္ပဏီလီမိတက်**

မန်နေဂျင်းဒါရိုက်တာ ဦးသီဟကိုကို၏ဇနီး ဒေါ်အေးသန္တာဝင်းသည် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

**ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဓမ္မာရုံဒါယကာကြီး၊**
**ဖားအောက်တောရဆရာတော်ကြီး၏ ရဟန်းဒါယကာကြီး**

## ဦးအံ့ကူး(ခ)စောအံ့ကူး (ညောင်ပင်ဆိပ်၊ မော်လမြိုင်မြို့)

**အသက် (၁၀၇) နှစ်**

မော်လမြိုင်မြို့ အောက်လမ်းမကြီး၊ အမှတ်(၁၀)နေ (ဒေါ်အေးရှင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဆွေ၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်သန်းသန်းစိန်၊ ဦးဝင်းမြတ်အောင်(ခ)ဦးတိတ်စိန်-ဒေါ်စိုးစိုးမော်၊ မရီရီဝင်းတို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်ဝိုင်းမော်၊ မောင်ဥက္ကာကျော်တို့၏အဘိုး၊ မောင်သုခဖြိုးကျော်၏ဘိုးဘိုး ဦးအံ့ကူး(ခ)စောအံ့ကူးသည် ၂၄-၄-၂၀၁၉(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ညောင်ပင်ဆိပ်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်တီ(ခ)အန်ကင်တီ (ခြသေ့်မင်းဆီစက်)

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ်(၇၂)၊ ရွှေတောင်တန်းလမ်းနေ (ဦးပေါက်စီ)၏ ဇနီး၊Dr.ဦးလှမွန် (ဆီးနှင့်ကျောက်ကပ်အထူးကု ဆရာဝန်ကြီး-ငြိမ်း)-Dr.တင်တင်မြင့်၊ ဦးစိုးသက်(အင်/ရာမှူးကြီး-ငြိမ်း) (ပဆင)-Dr.ဒေါ်လှလှမြင့်၊ ဦးဇော်အောင်-ဒေါ်သန်းသန်းအေး၊ ဦးခင်အောင်(ဘူမိ-၇၄-D.A.G)-Dr.တင်တင်ရီ (O.G/T.W)၊ (ဦးမြင့်အောင်)-ဒေါ်အေးအေးမူ (အထက-၂၊လသာ)၊ ဦးမျိုးအောင်၊ ဦးနိုင်အောင်-ဒေါ်နီနီဝင်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ Dr.စိမ့်ဝတ်ရည် (USA)၊ Dr.ကျော်စိုးမွန်(USA)၊ Dr.အေမီမွန်(USA)၊ စိုးလဲ့ရည် (USA)၊ ကေသီစိုး(USA)၊ ကျော်ထွန်းအောင်၊ သန်းထွန်းအောင်၊ Dr.Richard Huang(USA)၊ Huang Hao Ting၊ အေးနန္ဒာအောင်၊ နှင်းအိမ်ဝန်တို့၏ ချစ်လှစွာသောအဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင် (ခ) ဂျော်နီ (ဒိုက်ဦး)

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၁၅)၊ ဆိပ်ကမ်းသာလမ်းနေ ဦးတိုက်ချွန်း(ခ)ဦးချစ်စိန်-ဒေါ်ကြူအိတို့၏သားကြီး၊ ဒေါ်ခင်အေးအေး၏ခင်ပွန်း၊ ကိုရဲမြင့်၊ ကိုကျော်မြင့်တို့၏ဖခင်သည် ၁၆-၄-၂၀၁၉ ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်အောင် (ဒိပ်ကုန်း၊ ထန်းတပင်) (၇၆)နှစ်

ထန်းတပင်မြို့နယ်၊ ဒိပ်ကုန်းကျေးရွာနေ (ဦးတင်ကြီး-ဒေါ်လှညွန့်)တို့၏သမီး၊ သုံးဆယ်မြို့နေ (ဦးအောင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဒေါ်မြဝယ်)၊ (ဦးတင်ထွန်း-ဒေါ်ခင်ဆန်း)၊ ဒေါ်နီတို့၏ညီမ၊ [ဦးအောင်မြင့်(မြန်မာ့လက်ရွေးစင်ဘောလုံးနည်းပြ)]-ပြင်သစ်နိုင်ငံနေ ဒေါ်ခင်စန်းတို့၏အစ်မ၊ ဦးမောင်မောင်စန်း(A/B JSM Shipping)-ဒေါ်ဝင်းဝင်းရွှေ၊ ဦးအောင်သန်း၊ ဦးဇော်အောင်(Pacific Traimming Co.,LTD, New York, USA)-ဒေါ်ကြည်ကြည်မိုး(Magic Co.,LTD, New York, USA)၊ Australia နိုင်ငံနေ Mr.Brettee-ဒေါ်ဝါဝါရွှေ၊ ဦးဝင်းနိုင်ရွှေ-ဒေါ်တင်တင်စန်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ ကိုသန်းထိုက်အောင်-မဇင်မီမီဟန်အောင်သန်း၊ ကိုသိန်းလင်း-မမို့မို့ဟန်အောင်သန်း၊ မဖြိုးရတနာဇော်(Bachelor of Public Relation & University of Technology, Australia)(Supervisor France Co., Ltd, New York, USA)၊ ကိုအောင်ကျော်-မသျှန်နဒီအောင်သန်း၊ မောင်မင်းသန့်မောင်(Final Year Petroleum Engineering, University Teknologi Petronas, Malaysia)၊ မတိုးရတနာဇော်(Third Year Accounting at City University of Kingsborough New York,USA)၊ မခိုင်ရတနာဇော်(First Year Borough of Manhattan Collage/City University New York, USA)၊ မနီလာအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ [ဦးဟန်ရွှေ(သုံးဆယ်၊လ/ထ ကထိက-ငြိမ်း၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်)]၏ ဇနီး ဒေါ်ကြည်အောင်သည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ (ခ/ဂ)လမ်း၊ အမှတ်(၂၇၃)နေ ဒေါ်ကြည်အောင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးသန်းဦး

**အသက်(၆၈)နှစ်**

**ဘဏ္ဍာရေးဌာန MEPE(ငြိမ်း)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၈၇၃)နေ (ဦးသန်းထွန်း-ဒေါ်သိန်းကြည်)တို့၏ သမီးကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်သိမ်တော်ရွာနေ (ဦးထွန်းရ-ဒေါ်တင်ပု)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်မြင့်)-ဒေါ်အေးညို(ပန်းဘဲတန်း ထွေ/အုပ်)၊ ဦးကျော်ငြိမ်း (ရွှေတောင်ကုမ္ပဏီလီမိတက်ညွှန်မှူး-ငြိမ်း၊ ရေအားလျှပ်စစ်)၊ (ဦးဝင်းထိန်)-ဒေါ်ခင်အေးသန်း၊ (ဦးကျော်ဝင်း)၊ ဦးမျိုးမြင့်အေး-ဒေါ်မြသွေး (အမက-၉၊ မရမ်းကုန်း)တို့၏ အစ်မကြီး၊ ဗိုလ်ကြီးအောင်အောင်ထွန်း-မခိုင်မေဦး၊ ကိုရဲထွန်းဦး-မသဥ္ဇာထက်တို့၏ မိခင်၊ ရဲတေဇမောင်၏အဘွား၊ ငြိမ်းဆုဆုဝေ၊ စိမ့်နေခြည်သွေးတို့၏ ကြီးကြီး၊ (ဦးဝင်းသိန်း)၏ ဇနီးသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် Grand Hantha အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ (တနင်္လာနေ့) တွင် အမှတ်(၈၇၃/၂) လမ်း သမိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းငွေ (၁၉၇၄ ဘူမိ)

**အသက် (၆၇) နှစ်**

သူငယ်ချင်း ကိုသိန်းငွေသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄ ခုနှစ် ဘူမိဗေဒဘွဲ့ရနှင့် သူငယ်ချင်းများ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဝိဇယ

## သိက္ခာတော် (၈၂) ဝါ၊ သက်တော် (၁၀၂)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်ကံကျောင်း၌ သီတင်းသုံးတော်မူသော သက်တော်ရှည် ဘဒ္ဒန္တဝိဇယမဟာထေရ်မြတ်သည် (၁၃၈၀ ခုနှစ်၊ တန်ခူးလ ပြည့်ကျော် ၄ ရက်) ၂၃-၄-၂၀၁၉ ရက် ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်) ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၇း၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ကားများထွက်ပြီး နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနမီးပူဇော်ပါမည်။

ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများ

## အနိစ္စ

### ဒေါ်နီ

**(စစ်တွေမြို့)**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၃၃)၊ ခြောက်လွှာ(B)နေ (ဦးသာကျော်ဦး-ဒေါ်လှစိန်ဦး)တို့၏ သမီးကြီး၊ ဦးစံရွှေသိန်း (ထွန်း-ဘဏ်)-ဒေါ်ခင်စောမူ (အလပြ-ငြိမ်း)တို့၏ မိခင်ကြီး၊ ဗိုလ်ကြီးစောဟိန်းဦး(ခ) စည်သူအောင်-မသန္တာဌေး၊ မအေးသီတာ(IRC)တို့၏အဘောင်ရှင်၊ မြစ်နှစ်ယောက်တို့၏ အဖီးရှင်သည် ၂၄-၄-၂၀၁၉ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့်

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၃-မာန်ပြေရပ်ကွက်၊ (၁၆)လမ်းအနောက်၊ အမှတ်(၂၀)နေ (ဦးဘသန်း-ဒေါ်သိန်း)တို့၏သား၊ ဦးအုန်းမြင့်-ဒေါ်တင်ရီတို့၏ မောင်၊ (ဦးဘစိုး)-ဒေါ်သိန်းသိန်းတို့၏ညီ၊ (ဦးဝင်းကြည်-ဒေါ်တင်နိုင်)၊ (ဦးသိန်းချို-ဒေါ်ရင်ရွှေ)၊ ဦးချစ်ဆွေ-ဒေါ်တင်တင်နုတို့၏ မောင်၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကို၊ ဦးအောင်ကျော်နိုင်-ဒေါ်ဥမ္မာစိုး (ပုသိမ်မြို့)၊ ဦးစန်းဦး-ဒေါ်တင်တင်ခိုင်(ခ) သီရိစံတို့၏ဖခင်၊ မအေးယမုံဖူး၊ မဆုယမုံဖူးတို့၏အဘိုး၊ ဒေါ်ခင်မာချို ၏ခင်ပွန်းသည် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**မဟာညောင်ကုန်းကျောင်းတိုက်**

## (ရတနာမဥ္ဇူ) ဒေါ်သူကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလ

## သိက္ခာတော် (၄၀)၊ သက်တော် (၆၀)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ (ရတနာမဥ္ဇူ) ဒေါ်သူကျောင်း ပဓာနနာယကဆရာတော် သိက္ခာတော်(၄၀)၊ သက်တော်(၆၀)ရှိဘဒ္ဒန္တကုသလ (သာသနဓဇဓမ္မာစရိယ) သည် (၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်) ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်) ၂၆-၄-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မဟာညောင်ကုန်းကျောင်းတိုက် (ရတနာမဥ္ဇူ) ဒေါ်သူကျောင်းမှ မင်္ဂလာဒုံမြို့နယ် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အရှင်သြဝါဒခံ နေ့ဆွမ်းတပည့် ဒါယကာ၊ ဒါယိကာမများ

## ဦးအင်စိုး (မြိတ်)

**အသက် (၈၀)**

မြိတ်မြို့ ထားဝယ်စုရပ်၊ သီရိမင်္ဂလာလမ်းနေ (ဦးဘပို-ဒေါ်ရွှေကျင်)တို့၏သား၊ (ဦးကြူးခင်-ဒေါ်မြရှင်)တို့၏သားသမက်၊ [ဒေါ်ရီ(ခ)ဒေါ်ခင်စိန်]၏ ခင်ပွန်း၊ ကိုသန့် ဇော်-မနုနုရီ၊ မသီသီစိုး၊ (ကိုအောင်အောင်)၊ ကိုသန်းထိုက်စိုး-မခင်ပပဝင်း၊ ကိုဇော်မိုးဦး-မဖြိုးသိမ့်စိုးတို့၏မွေးသဖခင်၊ မောင်ဖြိုးမင်းမြတ်၊ မရွှေရည်ဖူး၊ မသက်မှူးသော်၊ မောင်အောင်စွမ်းနိုင်ဦး၊ မောင်နေဇော်လင်းထက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်ဇင်

**အသက် (၄၃) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၂၃)၊ ပထမထပ်(B)နေ (ဦးရွှေသင်း)-ဒေါ်ဖြူဖြူခိုင်(ဟိုတယ်ခရီး-ငြိမ်း)တို့၏ သား၊ ဦးလှသိန်း-ဒေါ်တင်မြင့်တို့၏သားသမက်၊ ဒေါ်အေးအေးခိုင်(UCL)၏မောင်၊ ကိုဝင်းဇော်ထွန်း(MAI လေဆိပ်)၏အစ်ကို၊ မဇင်မာနွယ်၏ခင်ပွန်းသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၂၃)၊ ပထမထပ်(B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ**

## ဒေါ်အေးသန္တာဝင်း

**ဒါရိုက်တာ၊ ငွေကြယ်အိမ်ဂရု(ပ်)ကုမ္ပဏီလီမိတက်**

**အသက် (၄၂) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုဓမ္မစာရီလမ်း၊ တိုက်(၁၂/ဘီ)၊ အခန်း(၂၀၂)နေ ဦးဝင်းအောင်-(ဒေါ်ငြိမ်းငြိမ်းလှ)တို့၏ သမီး၊ (ဦးလှသောင်း)-ဒေါ်တင်ကြိုင်၊ ဦးအောင်ထွန်း-ဒေါ်မြင့်ကြည်တို့၏ ချစ်လှစွာသော တူမ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်ဌေးဦး-ဒေါ်ခင်ခင်ကြူတို့၏ သမီးချွေးမ၊ ဦးသီဟကိုကို၏ ချစ်လှစွာသောဇနီး၊ မောင်ဟန်သုတကိုကို၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်သီတာမွန်၊ ဒေါ်ထားထားမော်၊ ဒေါ်နှင်းပပစိမ်းတို့၏ ချစ်လှစွာသောညီမ၊ ဦးအေးချမ်းကိုကို-ဒေါ်စန္ဒီသော်တာရွှေ၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်သျှီယာဇွန်၊ မငုဝါဇာနည်အောင်တို့၏ချစ်လှစွာသော အစ်မ ဒေါ်အေးသန္တာဝင်းသည် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (မေတ္တာညွန့်နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ မေတ္တာညွန့် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ဖိတ်ကြားချက်အရ မော်စကိုမြို့တွင် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (8th Moscow Conference on International Security) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**အဖွင့်အမှာစကား ပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးနှင့် Department of Peacekeeping Operations Office of Military Affairs မှ Military Adviser ဖြစ်သူ Lieutenent General Carlos Loitey တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၈)ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆွေးနွေးစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

**၂၄-၄-၂၀၁၉**

| | |
|---|---|
| | **ချောက်** |
| ၄၄ | ဒီဂရီစင်တီဂရိတ် |
| | **ပေါက်** |
| ၄၃ | ဒီဂရီစင်တီဂရိတ် |
| | **ဘော်လခဲ** |
| ၄၃ | ဒီဂရီစင်တီဂရိတ် |
| | **မုံရွာ** |
| ၄၂ | ဒီဂရီစင်တီဂရိတ် |
| | **တောင်တွင်းကြီး** |
| ၄၂ | ဒီဂရီစင်တီဂရိတ် |
| | **အမ်း** |
| ၄၂ | ဒီဂရီစင်တီဂရိတ် |
| | **သိမ်ဇရပ်** |
| ၄၂ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| **လှိုင်လင်** | သုည | ဒသမ | ၅၅ | လက်မ |
| **လှိုင်းတက်** | သုည | ဒသမ | ၂၇ | လက်မ |
| **လယ်ဝေး** | သုည | ဒသမ | ၂၇ | လက်မ |
| **ကျိုင်းတုံ** | သုည | ဒသမ | ၂၃ | လက်မ |
| **ရမည်းသင်း** | သုည | ဒသမ | ၁၂ | လက်မ |



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစစ်ပွဲမတိုင်မီ ခြေစမ်းပွဲကစားနေစဉ်။

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ မေ ၂၆ ရက် စတင်မည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို မေ ၂၆ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျင်းပမည့် အုပ်စု (က) တွင် မြန်မာ၊ ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ နီပေါ၊ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အုပ်စု (ခ) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီရန်နှင့် လက်ဘနွန် အသင်းတို့ ပါဝင်နေသည်။ အုပ်စု (က) အနေအထားအရ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ကို ကွင်းနှစ်ကွင်း၌ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်တွင် စတင်၍ ကွင်းနှစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်မှ ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယခင်က အောင်ဆန်းကွင်းတစ်ကွင်းသာ ကျင်းပခဲ့သော်လည်း ဒုတိယအကျော့တွင် တောင်ဒဂုံကွင်း၌ပါ ကျင်းပမည်ဖြစ်သည်။ ပထမဆုံးကျင်းပမည့် ဒုတိယအကျော့အဖွင့်ပွဲအဖြစ် မေ ၇ ရက်တွင် အောင်ဆန်းကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဂန္ဓမာအသင်း၊ တောင်ဒဂုံကွင်း၌ သစ္စာအားမာန်အသင်းနှင့် တက္ကသိုလ်အသင်း၊ မေ ၉ ရက်တွင်

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ✻




အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ ကျင်းပနေစဉ်။

"အတော်ဆုံး အတတ်ဆုံး နိုင်ငံသိ ဆရာများချည်း စုဝေးရာ၊ နှစ်စ နှစ်ဆုံး မပျက်မကွက် သင်ကြားရာကို အကောင်းဆုံးကျောင်းအဖြစ် မိဘနှင့်ကျောင်းသားကသာ သတ်မှတ်ကြသည်။"
အမြွက်ကို ပမာဏ မထား အတတ်ကို ပမာဏ ထားသည်။
ဂုဏ်ထူး ဦးသိန်းနိုင် (ဂုဏ်ထူးမြန်မာစာ)
တည်ထောင်အုပ်ချုပ်ခဲ့သည်မှာ ၁၉၉၃ မှ ယနေ့အထိ ယှဉ်ပြိုင်သူ မရှိခဲ့ပါ။
ဆရာစုံ ဘာသာစုံနှင့် အင်တိုက်အားတိုက်သင်ကြားနေပြီ
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
ဂုဏ်ထူးဦးသိန်းနိုင်
ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့် ပညာရေးဘော်ဒါဆောင်များ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဇာတိတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)၊သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
ဘယ်သူ ဘယ်မှုနဲ့မှ မတူသည့် ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
ဂုဏ်ထူးဒေါ်စန်းမြင့်
• ဆရာနေအုပ်(စိန်ပေါ်)
ဂုဏ်ထူးဦးအောင်နိုင်
• ဒေါက်တာညီညီ(Ph.D)
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ပါမောက္ခ ဒေါက်တာထွန်းခင်
ပါမောက္ခ ဒေါက်တာခင်မောင်ထွန်း
• ဒေါက်တာ ဝီဝ(Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်
အထက်တန်း အောင်ပွဲဝင်
မူလတန်း အထူး
အလယ်တန်း အာမခံ

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၅၊ ၂၀၁၉ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုဆောင်ရွက်နေသော ပြည်ထဲရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ

**သတင်းဆောင်းပါး - မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - မောင်ဖိုးဇော်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

နိုင်ငံတော်အစိုးရ၏ (၃)နှစ်တာ သက်တမ်းကာလ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေးဟူသည့် ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနစသည့် တပ်ဖွဲ့ဦးစီးဌာနဖြင့် ဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခေတ္တအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သည့်ဥပဒေများအဖြစ် ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်း၊ ရဲတပ်ဖွဲ့စခန်းများ၊ ရဲကင်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများကို လျင်မြန်စွာတုံ့ပြန်နိုင်ရန် ဆောင်ရွက်ခြင်းတို့အပါအဝင် နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရမှုများကို ထိရောက်စွာကာကွယ်တားဆီးခြင်း စသည်တို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

## ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်

ဦးခိုင်ထွန်းဦးက “နိုင်ငံတော်အစိုးရရဲ့(၃)နှစ်တာသက်တမ်းကာလ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိတဲ့ ဥပဒေတွေကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိပြီး မူဝါဒနဲ့ ကိုက်ညီမှုရှိပြီး ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်တဲ့ ဥပဒေဖြစ်စေရေးတို့အတွက် လက်ရှိ စီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေ ၂၂ ခုအနက် မူလအတိုင်းထားရှိမယ့် ဥပဒေရှစ်ခု၊ ပြင်ဆင်ရေးဆွဲခဲ့တဲ့ ဥပဒေတစ်ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲခဲ့တဲ့ ဥပဒေ နှစ်ခု၊ ရုပ်သိမ်းရန် အသစ်ရေးဆွဲလျက်ရှိတဲ့ ဥပဒေ ရှစ်ခု၊ ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိတဲ့ ဥပဒေတစ်ခု၊ အသစ်ရေးဆွဲတဲ့ ဥပဒေနှစ်ခု စတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

“ပြည်တွင်း လုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှစ်ရုံး၊ နယ်မြေရဲစခန်း ၁၇ ခု၊ ရဲကင်းစခန်းခြောက်ခုတို့ကို အသစ်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရဲစခန်းတွေမှာ လူ့အခွင့်အရေး စံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပြီး တရားခံအချုပ်သားတွေကို စစ်ဆေးမှုတွေပြုလုပ်ရာမှာ ညှဉ်းပန်းနှိပ်စက်မှုတွေမရှိစေရေးနဲ့ ဥပဒေနဲ့အညီသာ စစ်ဆေးမေးမြန်းဆောင်ရွက်ရေး

အထူးကဏ္ဍ [ ခ ] သို့ »»



ခေတ်မီ မီးသတ်ယာဉ်များ စွမ်းရည်ပြသနေစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

စတာတွေကို အလေးအနက်ထားလိုက်နာ ဆောင်ရွက်ဖို့ တပ်ဖွဲ့ဝင်တွေကို အသိပေး ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီညွှန်ကြား ချက်တွေကို လိုက်နာမှုမရှိရင် ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေနဲ့အညီ အရေးယူအပြစ် ပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

"မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ် လုံခြုံရေးအတွက် နယ်ခြားစောင့်တပ်တွေ အကြား အလံတင်အစည်းအဝေး စုစုပေါင်း ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး နယ်ခြားစောင့် ရဲတပ်ဖွဲ့(BGP)နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြား စောင့်တပ် (BGB)အကြား နှစ်နိုင်ငံ နှစ်ဖက် ညှိနှိုင်းပြီး ခြေလျင်ကင်းလှည့်ခြင်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စုစုပေါင်း ၂၁၆ ကြိမ် နဲ့ မြစ်ကြောင်းကင်းလှည့်ခြင်း စုစုပေါင်း ၆၁ ကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

### ၂၄ နာရီ တာဝန်ချထား

"မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီ အမံတွေ အကောင်အထည်ဖော် ဆောင်ရွက် ရာမှာ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင် ဖို့အတွက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး နဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွေမှာ Command Center တွေ တည်ဆောက်ပြီး Hot Line ဖုန်းတွေ၊ CCTV နဲ့ဆက်စပ် ပစ္စည်းတွေ တပ်ဆင်ထားပါတယ်။ ၂၄ နာရီ တာဝန်ချထားပြီး ပြည်သူလူထုရဲ့သတင်းပေးမှု တွေကို ချက်ချင်းလက်ခံဆောင်ရွက်ပေးလျက် ရှိပါတယ်။ မှုခင်းတွေ စစ်ဆေးစီရင်ရာမှာ သိပ္ပံနည်းကျ စစ်ဆေးဆောင်ရွက်နိုင်ဖို့အတွက် မှုခင်းဆိုင်ရာ DNA ဌာနအသစ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှာ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပြီး မှုခင်းကြိုတင်ကာကွယ် ရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာ ဗျူဟာ(မူကြမ်း) ရေးဆွဲပြီးဖြစ်ပါတယ်။



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။

"နိုင်ငံတကာရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေအနေနဲ့ နိုင်ငံဖြတ်ကျော် မှုခင်းတွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်း တွေနဲ့ လူမှောင်ခို ရွှေ့ပြောင်းသွားလာမှုခင်း တွေအပြင် အခြားမှုခင်းတွေကို အပြည်ပြည် ဆိုင်ရာရဲအဖွဲ့(Interpol)၊ အာဆီယံရဲအဖွဲ့ (Aseanapol)၊ ဥရောပရဲအဖွဲ့(Europol)၊ နိုင်ငံအလိုက် ရဲအဖွဲ့တွေနဲ့ ဆက်သွယ် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ - ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ - တရုတ် နယ်စပ် ဆက်ဆံရေးရုံးနှစ်ရုံး အသစ်တိုးချဲ့ဖွင့်လှစ်နိုင် ခဲ့ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဆက်ဆံ ရေးရုံး (BLO) စုစုပေါင်း ၁၁ ရုံး ဖွင့်လှစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

### ဘိန်းစိုက်ပျိုးမှု ၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့

"မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးအတွက် ၁၉၉၃ ခုနှစ် မူးယစ် ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်နိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ ပြင်ဆင်တဲ့ ဥပဒေ ကို ထုတ်ပြန်ခဲ့ပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းတွေကိုရေးဆွဲပြီး ဘိန်း အပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းတွေဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ခင်း တွေ ဖျက်ဆီးခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုး ခြင်းနဲ့ သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့လို့ ၂၀၁၈ ခုနှစ်မှာ ဘိန်းစိုက်ပျိုး မှု ၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ပါတယ်။

"(၃)နှစ်တာကာလအတွင်း မူးယစ် ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေ ရောင်းဝယ်/ပျံ့နှံ့မှုကို တားဆီးနှိမ်နင်းဖို့ အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စီမံချက် ၁၁ ကြိမ် ရေးဆွဲဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၂၃၈၃ မှုနဲ့ တရားခံစုစုပေါင်း ၃၃၃၉ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

"မြန်မာနိုင်ငံသားတွေ ပြည်တွင်း/ပြည်ပ လူကုန်ကူးခံရမှုတွေကို ထိရောက်စွာကာကွယ်

အထူးကဏ္ဍ [ ဂ ] သို့ »»»



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မွန်ပြည်နယ်အတွင်း ဆည်တာပေါင်ဖို့ခြင်းကို ဒေသခံပြည်သူများနှင့်အတူ ဆောင်ရွက်နေကြစဉ်။

**မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းတွေကို ရေးဆွဲပြီး ဘိန်းအပါအဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ခင်းတွေ ဖျက်ဆီးခြင်း၊ ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးခြင်းနဲ့ သစ်တော စိုက်ပျိုးထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့လို့ ၂၀၁၈ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ပါတယ်။**

»»» အထူးကဏ္ဍ [ ခ ] မှ

တားဆီးခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနဲ့ အမှုဖွင့်အရေးယူမှု ၅၁၀ ရှိပြီး တရားခံပေါင်း ၁၄၅၈ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ လူကုန်ကူးခံရသူပေါင်း ၈၉၉ ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်”ဟု ဆိုသည်။

စီးပွားရေးဆိုင်ရာ ပြစ်မှုများနှင့်ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေး သတင်းများ စုဆောင်းတင်ပြရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်ပြီး အဆိုပါ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါခြင်း၊ သတင်းများစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**၅၂၈ မှု စုံစမ်းစစ်ဆေး**

“အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနဲ့ စီးပွားရေးပြစ်မှုတွေနဲ့ ဝန်ထမ်းမသမာမှုတွေ စုံစမ်းဖော်ထုတ် အရေးယူရေးဆောင်ရွက်လျက်ရှိရာ (၃)နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်တဲ့အမှုတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေမှာ အဖွဲ့ဝင်အဖြစ် ပါဝင်စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတွေနဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က တာဝန်ပေးအပ်လာတဲ့အမှု စုစုပေါင်း ၅၂၈ မှုကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီစုံစမ်းစစ်ဆေးမှုတွေထဲမှာ စီးပွားရေးဆိုင်ရာ ပြစ်မှု ၁၃၆ မှုနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တွေကို ဖောက်ဖျက်ကျူးလွန်သည့် ဝန်ထမ်းမသမာမှု ၁၅၉ မှုကို စုံစမ်းစစ်ဆေးနိုင်ခဲ့ပါတယ်”ဟု ခေတ္တအမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောပြသည်။

အကျဉ်းဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရသည့် အကျဉ်းသားများနှင့် အချုပ်သားများအား ဥပဒေနှင့်အညီ လုံခြုံစွာထိန်းသိမ်းဆောင်ရွက်ရသည့် ဌာနတစ်ခုဖြစ်ပြီး ပြစ်ဒဏ်ကျအကျဉ်းသားများ၏ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ တတ်မြောက်သွားရေး စသည်တို့အပြင် ပြစ်ဒဏ်ကာလစေ့၍ လွတ်မြောက်သွားသည့်အခါ လူမှုအသိုက်အဝန်းအတွင်း ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုတဲ့ အစီအမံများကို ဦးတည်ဆောင်ရွက်ပေးရသည့် ဌာနတစ်ခု ဖြစ်သည်။



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ Mobile အသိပညာပေးဆောင်ရွက်နေစဉ်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှု (၃) နှစ်တာအတွင်း အကျဉ်းထောင်များနှင့် အချုပ်ထောင်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း၊ ခေတ်နှင့်လျော်ညီသည့် အကျဉ်းသားစားစရိတ်များဖြင့် ကျွေးမွေးခြင်းနှင့် ပြစ်ဒဏ်မှ လွတ်မြောက်သည့် အကျဉ်းသားများကို သင့်လျော်သည့် ခရီးစရိတ်များထုတ်ပေးခြင်း၊ အကျဉ်းသားများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အကျဉ်းသားများအား ပညာဆက်လက်သင်ကြားခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

**အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေကို ဥပဒေနဲ့အညီ လုံခြုံစွာထိန်းသိမ်းဆောင်ရွက်ရတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်။ အကျဉ်းသားနဲ့ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်တွေ တတ်မြောက်သွားရေး၊ ပြစ်ဒဏ်ကာလစေ့လို့ လွတ်မြောက်သွားတဲ့အခါ လူမှုအသိုက်အမြုံအတွင်း ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မယ့် အစီအမံတွေကိုပါ ဦးတည်ဆောင်ရွက်ပေးနေတဲ့ ဌာနတစ်ခုအဖြစ် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့**

“အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသား၊ အချုပ်သားတွေကို ဥပဒေနဲ့အညီ လုံခြုံစွာထိန်းသိမ်းဆောင်ရွက်ရတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်။ အကျဉ်းသားနဲ့ အချုပ်သားတွေရဲ့ အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်တွေ တတ်မြောက်သွားရေး၊ ပြစ်ဒဏ်ကာလစေ့လို့ လွတ်မြောက်သွားတဲ့အခါ လူမှုအသိုက်အမြုံအတွင်း ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မယ့် အစီအမံတွေကိုပါ ဦးတည်ဆောင်ရွက်ပေးနေတဲ့ ဌာနတစ်ခုအဖြစ် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းတွေနဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အကျဉ်းသူ၊ အကျဉ်းသားတွေ အကျဉ်းထောင်များအတွင်း နေရာကျပ်တည်းမှုတွေ ဖြေလျှော့နိုင်ဖို့အတွက် (၃)နှစ်တာကာလအတွင်း အကျဉ်းထောင်နှစ်ခုနဲ့ အချုပ်ထောင်နှစ်ခု ထပ်မံဆောက်လုပ်ပေးနိုင်ခဲ့ပြီး အကျဉ်းထောင်သုံးခုနဲ့ အချုပ်ထောင်တစ်ခုကို တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါတယ်။

**ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ**

အကျဉ်းသားတွေရဲ့ စားစရိတ်အနေနဲ့ အကျဉ်းထောင်ရှိ အကျဉ်းသားတစ်ဦးကို ငွေကျပ် ၉၇၅ ကျပ်နှုန်း၊ စခန်းရှိ အကျဉ်းသားတစ်ဦးကို ငွေကျပ် ၁၀၀၀ နှုန်းနဲ့ နေ့စဉ်ကျွေးမွေးလျက်ရှိပါတယ်။ အကျဉ်းသားလွတ်သူတစ်ဦးကို ခရီးစရိတ်တစ်မိုင်လျှင် ၃၅ ကျပ်နှုန်းနဲ့စားစရိတ်အဖြစ် တစ်ရက်ကိုငွေကျပ် ၁၀၀၀ နှုန်း တိုးမြှင့်ထုတ်ပေးလျက်ရှိပါတယ်။ အင်းစိန်၊ မန္တလေးနဲ့သာယာဝတီစတဲ့ ဗဟိုအကျဉ်းထောင်သုံးခုမှာ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ခုစီ၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ တီဘီလူနာကုသဆောင် ဆောက်လုပ်ကာ အကျဉ်းသားလူနာတွေကို ကုသပေးလျက်ရှိပါတယ်။ အကျဉ်းထောင်၊ စခန်းတွေမှာရှိတဲ့ ဆေးရုံနဲ့ ဆေးပေးခန်းတွေမှာ ဌာနရှိ ဆရာဝန်




အကျဉ်းသားများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကင်းလှည့်ခြင်းဆောင်ရွက်နေစဉ်။

»» အထူးကဏ္ဍ [ ဂ ] မှ

တွေ၊ ကျန်းမာရေးမှူးတွေနဲ့ ကုသပေးလျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးတွေရဲ့ အထူးကုဆရာဝန်ကြီးတွေကို ပင့်ဖိတ်ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ပြင်ပဆရာဝန်တွေ၊ အထူးကုဆရာဝန်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းသား၊ အကျဉ်းသူတွေကို အတန်းပညာ ဆက်လက်သင်ကြားပေးခြင်းအနေနဲ့ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၁၁ ဦး အောင်မြင်ခဲ့ပြီး တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး ပါရှိပါတယ်။ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှာ ၄၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၁၅ ဦးနဲ့အကျဉ်းသူတစ်ဦး အောင်မြင်ခဲ့ပါတယ်။ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင်ငါးဦးပါဝင်ခဲ့ပါတယ်။ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်မှာ ၁၀၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၄၃ ဦးနဲ့ အကျဉ်းသူလေးဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး ထွက်ပေါ်ခဲ့ပါတယ်။ ယခု ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ ၁၇၁ ဦး ဝင်ရောက်ဖြေဆိုထားပါတယ်။

အကျဉ်းသားတွေ အဝေးသင်တက္ကသိုလ်တက်ရောက်မှုအနေနဲ့ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသားတစ်ဦး၊ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသားကိုးဦး၊ ဒုတိယနှစ်ကျောင်းသားသုံးဦး၊ တတိယနှစ် ကျောင်းသားတစ်ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသား ၁၅ ဦး၊ ဒုတိယနှစ် ကျောင်းသားရှစ်ဦး၊ တတိယနှစ်ကျောင်းသားလေးဦး၊ စတုတ္ထနှစ် ကျောင်းသားတစ်ဦး ဖြေဆိုအောင်မြင်ခဲ့ပါတယ်”ဟု ဦးခိုင်ထွန်းဦးက ဆိုသည်။

**မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး**

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတို့သည် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များဖြစ်ကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများနှင့် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်သူလူထုအတွင်း မီးဘေးသတိမူရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့ရေး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊ သဘာဝဘေးအပါအဝင် အခြားမတော်တဆ ဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးသတ်ဦးစီးဌာန ဖွဲ့စည်းပုံနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ တပ်ဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်ပနိုင်ငံများသို့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများစေလွှတ်ခြင်း၊ ဌာနတွင်းသင်တန်းများ အပါအဝင် စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာသင်တန်းများ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ နည်းပညာသင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ နည်းပညာရပ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်စေလွှတ်တက်ရောက်စေခဲ့သည်။

“မီးသတ်ဦးစီးဌာနအနေနဲ့ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ကိုင်တွယ်ကျင့်သုံးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်ကစတင်ပြီး အထပ်မြင့်အဆောက်အအုံ စစ်ဆေးအကြံပြုခြင်း ဆောင်ရွက်ပေးခဲ့ရာ (၃)နှစ်တာကာလအတွင်း အထပ်မြင့်အဆောက်အအုံ ၆၈၃၁ လုံးကို စစ်ဆေးအကြံပြုပေးနိုင်ခဲ့လို့ ဆောင်ရွက်ပေးမှု ရငွေကျပ် ၁၃၁၄၄၅၅၁ ကျပ်ကို နိုင်ငံတော်သို့ ပေးသွင်းနိုင်ခဲ့ပါတယ်။

ခေတ်မီပြီး စွမ်းအားပြည့်ဝတဲ့ တပ်ဖွဲ့ဖြစ်စေဖို့အတွက် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြုဉရောပသမဂ္ဂရဲ့ တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှုချေးငွေ(Organization for Economic Co-operation and Development-OECD)မှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance-ODA) အစီအစဉ်နဲ့ ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေဖြင့် ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နဲ့ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီး အပါအဝင် စက်ကိရိယာတွေနဲ့ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေကို ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်သို့ သွားရောက်လေ့ကျင့်ခြင်းတွေ ဆောင်ရွက်ခဲ့ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ခဲ့ပါတယ်။

“ဒါ့အပြင် သဘာဝဘေးအန္တရာယ် အပါအဝင် မတော်တဆဖြစ်စဉ်တွေမှာ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ (၃)နှစ်တာကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၄၉၈၅ ကြိမ်ရှိပြီး သေဆုံးသူ ၁၇၆၅ ဦး၊ ဒဏ်ရာရရှိသူ ၇၃၆၁ ဦး၊ ပျက်စီးခဲ့သည့်အိမ်ခြေ ၁၂၁၃၂၉ လုံးနဲ့ ဒုက္ခရောက်သူ ၃၀၃၇၆၃ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု ခေတ္တအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ပြောပြသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုရှေးရှု၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



သဘာဝဘေးကျရောက်သော ဒေသများအား ကူညီကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**သဘာဝဘေးအန္တရာယ် အပါအဝင် မတော်တဆ ဖြစ်စဉ်တွေမှာ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေး လုပ်ငန်းတွေကို ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ (၃)နှစ်တာကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၄၉၈၅ ကြိမ်ရှိပြီး သေဆုံးသူ ၁၇၆၅ ဦး၊ ဒဏ်ရာရရှိသူ ၇၃၆၁ ဦး၊ ပျက်စီးခဲ့သည့်အိမ်ခြေ ၁၂၁၃၂၉ လုံးနဲ့ ဒုက္ခရောက်ရှိသူ ၃၀၃၇၆၃ ဦးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့**

# ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံစုစည်း - အေးသန်း**




ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တတိယ (၁)နှစ်တာကာလအတွင်း စိုက်ပျိုးရေးနည်းစနစ် တိုးတက်မြင့်မားရေး၊ စက်မှုဇုန်များပေါ်ထွန်းလာရေး၊ လျှပ်စစ်မီးရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ စက်မှုဇုန်များထူထောင်ခြင်း၊ ဒေသခံတို့၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေး စသည်တို့ကို ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အောင်မြင်မှုများရှိသကဲ့သို့ စိန်ခေါ်မှုအခက်အခဲများလည်းရှိသည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယ (၁) နှစ်တာကာလအတွင်း ပြည်သူများအတွက် ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည် -

**မေး။ ။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ တိုင်းဒေသကြီးအတွင်းမှာ ဖော်ဆောင်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းက ၁၄ ခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၆ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၃၈၇ သန်းနဲ့ မြန်မာငွေကျပ်သန်းပေါင်း ၄၉၈၉၃၅ ဒသမ ၇၆ သန်းရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၀၇၈၈ နေရာ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

လက်ရှိ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းဒေသကို နိုင်ငံတကာနဲ့ တိုက်ရိုက်ဆက်သွယ်နေတဲ့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးဆိပ်ကမ်းမြို့ကြီးအဖြစ် ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငရုပ်ကောင်းဒေသမှာ ရေစူးမီတာ ၂၀ ထိနက်တဲ့အတွက်၊ ပင်လယ်ဆိပ်ကမ်းတည်ဆောက်နိုင်တဲ့အတွက်၊ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပေါ်နိုင်ရေးအတွက် နောက်တစ်ခါ ရွှေသောင်ယံမြို့ မတ္တာဒေသမှာ ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်ကာ ကမ်းခြေမြို့တော်တစ်ခု ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ကမ်းခြေပတ်လမ်းတစ်လျှောက်ဆက်သွယ်နိုင်မယ့် ငပုတောမြို့နယ် ငရုပ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်းဒေသကနေပြီး ရခိုင်ပြည်နယ် ဂွမြို့အထိ ကမ်းခြေပတ်လမ်းဖြစ်ပေါ်လာရေးကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဖြစ်ဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအနေနဲ့ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဧရာဝတီတိုင်း ဒေသကြီးအတွင်း စက်မှုဇုန်တွေ ဖော်ထုတ်သွားဖို့ ရှိတယ်လို့ သိရပါတယ်။ ရှင်းပြပေးပါဦးရှင်။**


ဖြေ။ ။ ပုသိမ်မြို့ပေါ်မှာရှိတဲ့ စက်မှုဇုန်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေဟာ ဝင်ရောက်လျက်ရှိပြီး စက်ရုံပေါင်း ၅၀ ကို နှစ်နှစ်အတွင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်ကာလမှာ စီမံကိန်းပြီးပါက အလုပ်အကိုင် အခွင့်အလမ်းပေါင်း တစ်သိန်းခန့်အထိ ဖန်တီးပေးနိုင်မယ့် စီမံကိန်းကြီး ဖြစ်လာမှာပါ။

ဒါ့အပြင် မအူပင်စက်မှုဇုန်အနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်မြေအသုံးချမှုအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီရဲ့ခွင့်ပြုမိန့်များရရှိခဲ့ပြီး ဒီစီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ညောင်တုန်းစက်မှုဇုန်ကို လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ခွင့်ပြုမိန့်များရရှိဖို့အတွက် ဆောင်ရွက်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်ဖိတ်ခေါ်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူတစ်ဦးရဲ့ ပျမ်းမျှထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ အလုပ်အကိုင် ၁၄ သိန်းကျော်

အထူးကဏ္ဍ [ ၈ ] သို့ »»

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းဒေသကို နိုင်ငံတကာနဲ့ တိုက်ရိုက်ဆက်သွယ်နေတဲ့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးဆိပ်ကမ်းမြို့ကြီးအဖြစ် ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာဖြစ်**



၂၀၁၉ ခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သော မြောင်းမြတံတားသစ်ကြီးကို ညပိုင်းတွင် တွေ့ရစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြောင်းမြတံတားသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

ဖန်တီးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အလုပ်အကိုင် ၁၆ သိန်းကျော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ အလုပ်အကိုင် ၁၈ သိန်းကျော်ရရှိမယ်လို့မျှော်မှန်းထားပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ဖို့ ရည်မှန်းချက်ရှိပြီး ပထမ သုံးလပတ်အထိ သုံးရာခိုင်နှုန်းအထိ တိုးတက်နေပါတယ်။

**မေး။ ။ တိုင်းဒေသကြီးရဲ့ အဓိက စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အပိုင်းကို သိပါရစေ။**

ဖြေ။ ။ ဧရာဝတီတိုင်းဒေသကြီးက စပါးသီးနှံကို အဓိကထား စိုက်ပျိုးနိုင်တဲ့ နိုင်ငံရဲ့ စပါးကျီဖြစ်တဲ့အတွက် မိုးစိုက်ဧက ၃ ဒသမ ၇ သန်းကျော်၊ နွေစပါးစိုက်ဧက ၁ ဒသမ ၄ သန်း စိုက်ပျိုးလျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မိုးစပါးတင်းသိန်းပေါင်း ၁၃၀ ဒသမ ၆၀ နှင့် နွေစပါးတင်းသိန်းပေါင်း ၉၆ ဒသမ ၆၈ စုစုပေါင်း စပါးတင်းပေါင်း ၂၂၆ ဒသမ ၇၈ တိုးတက်ပြီး ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အထွက်နှုန်းတိုးတက်ဖို့အတွက် မြေဆီလွှာ ချဉ်ငန်ရေးနဲ့ အာဟာရဓာတ်တွေကို တိုင်းတာဖို့ လိုအပ်တဲ့အတွက် ကိရိယာတွေကို တိုင်းဒေသကြီးအစိုးရအနေနဲ့ ဝယ်ယူပြီး ဖြည့်တင်းပေးလျက်ရှိပါတယ်။

ထူးခြားမှုအနေနဲ့ ငမြှောင်တောင်ဖျက်ပိုး အသစ် (Fall Army Worm) ကျရောက်တဲ့ ပြောင်းသီးနှံမှာ ဧကပေါင်း ၄၅၉၆၇ ကို ပြည်ထောင်စုအစိုးရထောက်ပံ့မှု၊ တိုင်းဒေသကြီးအစိုးရရဲ့ ထောက်ပံ့မှုတွေနဲ့ ဆေးဖျန်းနိုင်ခဲ့ပါတယ်။ မြေဆီလွှာ ဓာတ်ခွဲစစ်ဆေးခြင်း၊ မြေချဉ်ငန်ဓာတ်နဲ့ အာဟာရဓာတ် ပါဝင်မှုပေါ်မှာမူတည်ပြီး ထည့်သွင်းသင့်တဲ့ ထုံးပမာဏနဲ့ ဓာတ်မြေသြဇာ ထောက်ခံချက်ပေးခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ ၃ နှစ်တာကာလအတွင်း အဆင့်မြင့် စံပြစက်မှုလယ်ယာအဖြစ် ၃၅၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအနေနဲ့ ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ၆၁၇၇၄၆ ဧက၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းမှာ ၃၈၅၉၈ ဧကနှင့် စက်ဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်းမှာ ဧက ၉၁၀ ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ သိမ်းဆည်း လယ်ယာမြေတွေကို တောင်သူလက်ဝယ် ပြန်လည်ပေးအပ်ဖို့အတွက် ဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်ရှင်။**



ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာနေရာတစ်ခုဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုပ်ကောင်းမြို့နယ်ရှိ ဂေါ်ရန်ဂျီကျွန်းအလှကို တွေ့ရစဉ်။

ဖြေ။ ။ သိမ်းဆည်းမြေများပေါ်မှာ တောင်သူတွေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဧကသိန်းပေါင်း ၁၀၀၄၆၂ ဧကရှိခဲ့ရာမှာ တောင်သူတွေလက်ဝယ်ကို ၁၀၀၃၃၄ ဧက ပြန်လည်ပေးအပ်ခဲ့ပါတယ်။ ကျန် ၁၂၈ ဧကကို တောင်သူတွေလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် မတ် ၂ ရက် တောင်သူလယ်သမားနေ့ အခမ်းအနားကို အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်သူကျေးရွာမှာ ကျင်းပခဲ့ရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုယ်တိုင်တက်ရောက်ပြီး မြို့နယ်လေးခုမှ ပြန်လည်စွန့်လွှတ်တဲ့ သိမ်းဆည်းမြေများကို တောင်သူ ၁၁၀၂ ဦးထံ လုပ်ကိုင်ခွင့်ပြုလက်မှတ် ၆၆၀၄ ဧကပေးတဲ့ အစီအစဉ်အပြင် တောင်သူတွေ နည်းပညာတိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍနဲ့ သက်ဆိုင်တဲ့ ပြခန်းပေါင်း ၅၅ ခန်းပြသပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ တောင်သူလယ်သမားကိုယ်စားလှယ် ၃၀၀၀ ကျော်နဲ့ ဖိတ်ခေါ်ပြီး ကျင်းပနိုင်ခဲ့ပါတယ်။

**မေး။ ။ ဆည်မြောင်းကဏ္ဍနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ပြောပြပေးပါရှင်။**

ဖြေ။ ။ တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ တာတမံ ၁၄၇ နေရာကို ပြုပြင်နိုင်ခဲ့ပြီး မိုးစပါးစိုက်ဧက ၁ ဒသမ ၂ သန်း၊ ရေနုတ်မြောင်း ၇၄၅ မြောင်း တူးဖော်ပေးနိုင်ခဲ့တဲ့အတွက် ဧက ၈ ဒသမ ၉၃ သိန်းကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ရေနုတ်မြောင်းအနေနဲ့ ၇၄၅ မြောင်း၊ ရေတံခါး ၉၁ လုံးနဲ့ သောက်သုံးရေအတွက် စက်ရေတွင်း ၁၀၁ တွင်းကို တူးဖော်ပေးနိုင်ခဲ့ပါတယ်။ ဇလွန်မြို့နယ်မှာရှိတဲ့ ဧရာဝတီ - ဟင်္သာတ တာမိုင် ၂၂/၄ နဲ့ ၂၄/၀ မိုင်မှာရှိတဲ့ သဲကုန်းညောင်အိုင်ကျေးရွာမှာရှိတဲ့ ရေဘေးကာကွယ်ရေးတာ ကျိုးပေါက်ပျက်စီးသွားပါက

အထူးကဏ္ဍ [ ဆ ] သို့ »»»

»» အထူးကဏ္ဍ [ ၈ ] မှ

မြို့နယ်နဲ့ ကျေးရွာအများစုဟာ ထိခိုက်ပျက်စီးမှုတွေများနိုင်တဲ့အတွက် ပန်းတာသစ်တည်ဆောက်ခြင်းလုပ်ငန်းတွေကို ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုငွေကျပ်သန်းပေါင်း ၉၉၀ ကျော်နဲ့ လုပ်ငန်းတွေ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ငါးပုစွန် မွေးမြူရေးလုပ်ငန်းတွေ၊ မွေးမြူရေးနဲ့ ကုသရေးကဏ္ဍတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိပါရစေရှင်။**

ဖြေ။ ။ဧရာဝတီ တိုင်းဒေသကြီးအတွင်း ဒေသခံရေလုပ်သားတွေရဲ့စားဝတ်နေရေးကို အထောက်အကူပြုနိုင်ဖို့ အင်းပေါင်း ၁၇၇၇ အင်း၊ တင်ဒါချက်ပေါင်း ၂၀၆၅ ချက်ရှိပြီး ရေလုပ်သားအစုအဖွဲ့တွေက လျှောက်ထားလာတဲ့ အင်း၊ တင်ဒါချက်တွေကို စည်းကမ်းနဲ့အညီ ဒေသခံရေလုပ်သားအစုအဖွဲ့တွေကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ငါးပုစွန်မွေးမြူရေးနဲ့ ပတ်သက်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ငါးမွေးကန်နဲ့ ပုစွန်ကန်ပေါင်း ၁၈၇၂၈၆ ဧကကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးနဲ့ ကုသရေးကဏ္ဍအနေနဲ့ လေးမျက်နှာနဲ့ ကြံခင်းမြို့နယ်တို့မှာရှိတဲ့ မြေလွတ်၊ မြေရိုင်းတွေမှာ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရေးဇုန်နဲ့ မွေးမြူရေးကျေးရွာတွေ ထူထောင်ခြင်းကို ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အကူအညီနဲ့ မြေနေရာတွေကို ရှာဖွေဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသမှာရှိတဲ့ တောင်သူတွေမှာ မွေးမြူထားတဲ့ ကျွဲ၊ နွားတွေကို ရေလွတ်ရှာပြောင်းရွှေ့နိုင်ရေး၊ ကူးစက်ရောဂါပြန့်ပွားမှုမရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ အစာပြတ်လပ်မှုမရှိရေးနဲ့ တိရစ္ဆာန်တွေ ဘေးကင်းလုံခြုံဖို့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်နဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တို့မှာ Animal Safe Land & Shelter တွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် Animal Safe Land & Shelter တွေကို တည်ဆောက်နိုင်ရေးအတွက် လျာထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ထောက်ပံ့ငွေနဲ့ မြစိမ်းရောင် (အသားကဏ္ဍ) အကောင်အထည်ဖော်နိုင်ရန် တောင်သူလယ်သမားတွေကို မျိုးကောင်းမျိုးသန့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ စနစ်တကျ စိစစ်ရွေးချယ်ပြီး မွေးမြူရေးလုပ်ငန်းတွေကို တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ဒေသဖွံ့ဖြိုးဖို့အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိပါရစေရှင်။**

ဖြေ။ ။(၃)နှစ်တာကာလအတွင်း စုစုပေါင်း လမ်းမိုင် ၂၉၈ မိုင်၊ သိသာထင်ရှားတဲ့ ပြောင်းလဲမှုအနေနဲ့ အရှည် ၈၂၆ ဒသမ ၉ ပေရှိတဲ့ နှစ်လမ်းသွားသံကူကွန်ကရစ် ရွှေသောင်ယံတံတား၊ အရှည် ၁၉၈၆ ဒသမ ၆ ပေရှိတဲ့ နှစ်လမ်းသွား သံကူကွန်ကရစ် ငဝန်တံတားလေးမျက်နှာ၊ အရှည် ၁၇၁၈ ဒသမ ၅ ပေရှိတဲ့ သံမဏိသံပေါင် သံကူကွန်ကရစ် စက်ဆန်းတံတားနဲ့ ပေ ၂၃၁၀ ရှိတဲ့ နှစ်လမ်းသွား သံကူကွန်ကရစ် မြစ်ကူးတံတားကြီးအပါအဝင် တံတားနဲ့ ရေပြွန် ၂၄၀ ကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဧပြီလအတွင်း အရှည် ၂၇၂၃ ဒသမ ၂၃ ပေရှိတဲ့ Steel Truss Deck Type မြောင်းမြတံတားအသစ်ကြီးကို တည်ဆောက်ပြီး ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ပုသိမ်တံတား အရှည်ပေ ၂၃၈၀ တံတားကို ပြည်သူတွေအတွက် တည်ဆောက်ပေးလျက်ရှိပါတယ်။ စီမံကိန်းကာလမှာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောက်လုပ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်မှာ ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေနဲ့ (၃)နှစ်တာကာလအတွင်း တံတားနဲ့ ရေပြွန် ၁၇၆ စင်းကို တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ကဏ္ဍနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုကို သိပါရစေရှင်။**

အထူးကဏ္ဍ [ ၉ ] သို့ »»



၂၈-၁၀-၂၀၁၈ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေသောင်ယံတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။



စပါးသီးနှံ အဓိကစိုက်ပျိုးပြီး နိုင်ငံ၏စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင် စပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။



ရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ကလေးစာပေပွဲတော်ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ဆ ] မှ

ဖြေ။ ။လျှပ်စစ်ကဏ္ဍအနေနဲ့ (၃)နှစ်တာကာလအတွင်း မြို့နယ် ၂၆ မြို့နယ်နဲ့ မြို့ သုံးမြို့ ကျေးရွာပေါင်း ၇၆၈ ရွာကို ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ တစ်အိမ်သုံးဆိုလာစနစ်၊ အများသုံးဆိုလာစနစ်နဲ့ ကျေးရွာပေါင်း ၁၄၉၁ ရွာ မီးလင်းခဲ့ပါတယ်။ ကျိုက်လတ် ပင်မဓာတ်အားခွဲရုံ၊ ငရုပ်ကောင်းဓာတ်အားခွဲရုံနဲ့ ငွေဆောင်ဓာတ်အားခွဲရုံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရွှေသောင်ယံမြို့မှာ မြန်မာနိုင်ငံရဲ့အကြီးဆုံးဓာတ်အားပေးစက်ရုံဖြစ်လာမယ့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၃၉၀ ထွက်ရှိမယ့် LNG to Power Plant စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းပြီးစီးပါက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်နဲ့ ကျေးရွာတွေကို လျှပ်စစ်မီးပေးနိုင်မှာဖြစ်ပြီး ပိုလျှံတဲ့ယူနစ်တွေကို National Grid သို့ ချိတ်ဆက်ရောင်းချသွားနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ပြည်သူ့ဆက်ဆံရေး ကဏ္ဍတွေနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအတွင်းမှာ ဆောင်ရွက်နေတဲ့အပိုင်းကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။(၃)နှစ်တာကာလအတွင်း ခရိုင်ခြောက်ခရိုင်မှာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ်အထိ ပုသိမ်ခရိုင်အတွင်း မိုဘိုင်းစခန်း ၁၇၁ ခု၊ မြောင်းမြခရိုင်မှာ မိုဘိုင်းစခန်း ၅၄ ခု၊ ဖျာပုံခရိုင်မှာ မိုဘိုင်းစခန်း ၉၈ ခု၊ လပွတ္တာခရိုင်မှာ မိုဘိုင်းစခန်း ၉၃ ခု၊ ဟင်္သာတခရိုင်မှာ မိုဘိုင်းစခန်း ၈၈ ခု၊ မအူပင်ခရိုင်မှာ မိုဘိုင်းစခန်း ၇၆ ခု တည်ဆောက်ပေးနိုင်ခဲ့လို့ ယခင်က ၁၈၃ စခန်း အပါအဝင် မိုဘိုင်းစခန်း ၇၆၃ စခန်းရှိလာပြီဖြစ်ပါတယ်။

စည်ပင်သာယာရေး ကဏ္ဍအနေနဲ့ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှာ ပုသိမ်မြို့ ဈေးချောင်းလမ်း ချောင်းမြေထိန်းနံရံပြုလုပ်ခြင်းအတွက် ငွေကျပ်သန်း ၁၂၅ ဒသမ ၃၃၀၊ ကန်ပတ်လမ်းခြံစည်းရိုး ကာရံခြင်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၃၆၇၀၀၊ ညောင်တုန်းမြို့ စည်ပင်တာ(မြို့ပတ်တာ) စောင်းလျှောကျမှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၄ ဒသမ ၅၅၁ သန်း စုစုပေါင်းငွေကျပ် ၁၆၆ ဒသမ ၅၈၁ သန်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်ကာလမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၃၃ ဖွဲ့အတွက် ယာဉ်၊ စက်ယန္တရား ၅၇ စီးကို ငွေကျပ်သန်းပေါင်း ၂၃၇၈ ဒသမ ၄၂၂ သန်း ဝယ်ယူပြီး မြို့နယ်တွေကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး စည်ပင်ဥပဒေကို ပြင်ဆင်ရေးဆွဲပြီး မြို့ပြတွေ အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေနဲ့ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ၂၀၁၇ ခုနှစ် မတ်လမှာ ဖျာပုံခရိုင် ဖျာပုံမြို့၊ ၂၀၁၈ ခုနှစ် မတ်လမှာ ဟင်္သာတခရိုင် ဟင်္သာတမြို့၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ မအူပင်ခရိုင် မအူပင်မြို့တို့မှာ ကျင်းပနိုင်ခဲ့ပြီး တိုင်းဒေသကြီးအဆင့် ကလေးစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ ကျင်းပပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ထူးထူးခြားခြားအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တိုင်းမှာ ကလေးများ ရေရှည်စာပေကို ဝါသနာပါနိုင်ဖို့ ကလေးစာပေပွဲတော်များကို ကျင်းပပေးနိုင်ဖို့ ဆက်လက်စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး။ ။ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင်။**

ဖြေ။ ။ဟိုတယ်နဲ့ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်တွေကို ချထားပေးနိုင်ခဲ့တဲ့အခြေအနေနဲ့ ပတ်သက်ပြီး (၃)နှစ်တာကာလအတွင်းမှာ ဟိုတယ်နဲ့ တည်းခိုရိပ်သာပေါင်း ၈၆ လုံးနဲ့ အခန်းပေါင်း ၃၄၆၁ ခန်းကို လုပ်ငန်းလိုင်စင်တွေ ချပေးနိုင်ခဲ့ပါတယ်။ ကမ်းခြေဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။

ထူးခြားမှုအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသတွေကို အချိန်တိုအတွင်း နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်နိုင်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူဖို့အတွက် ပုသိမ် -ရန်ကုန်၊ ရန်ကုန်- ပုသိမ် ခရီးစဉ်တွေကို တစ်ပတ်မှာ လေးရက် ပြေးဆွဲလျက်ရှိပါတယ်။

ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူပြုမှာဖြစ်ပြီး နိုင်ငံခြားသားခရီးသွားတွေ စိတ်ကျေနပ်မှုရရှိလာတာတွေ့ရပါတယ်။ ဒါဟာဆိုရင် ခရီးသွားလုပ်ငန်းအတွက် ပုသိမ် - ရန်ကုန်၊ ရန်ကုန် - ပုသိမ် ပြေးဆွဲတဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာ စတင်ခဲ့တာက တိုင်းဒေသကြီးအတွက် ပိုမိုထူးခြားတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ပါတယ်။

> **ကမ်းခြေဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်း တိုးတက်လာ**

**မေး။ ။သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားမှုတွေရှိရင် ပြောပြပေးပါရှင်။**

ဖြေ။ ။(၃)နှစ်တာကာလ အတွင်းမှာ သဘာဝဘေးသင့် အိမ်ခြေ ၇၀၀၀၀ ကျော်၊ အိမ်ထောင်စု ၈၀၀၀၀ ကျော်၊ လူဦးရေ သုံးသိန်းခန့်၊ သေဆုံးသူ ၁၄၇ ဦး၊ ဒဏ်ရာရ ၇၆ ဦးတို့ကို ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကျော်ကို ဘေးသင့်တဲ့ ပြည်သူတွေရဲ့ လက်ဝယ်ကိုရောက်အောင် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို အိမ်ထောင်စု ၂၇၀၀ အတွက် သိုလှောင်ထိန်းသိမ်းထားရှိပြီး မိုးဦးကာလ လေပြင်းဒဏ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေနဲ့ မြို့နယ်သုံးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၂၁ ရွာတို့မှာ ကြံ့ခိုင်မှုအားနည်းတဲ့ နေအိမ် ၈၀၀ ကို ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။

သောက်သုံးရေရှားပါးမှု ကြုံတွေ့နိုင်တဲ့ ကျေးရွာတွေက ပြည်သူတွေအတွက် သောက်သုံးရေဂါလန် ၄၀၀၀၀ ကျော်နဲ့ ကျေးရွာ ၁၃ ရွာမှ တောင်းခံလာတဲ့ အဝီစိတွင်း ငါးတွင်း၊ တွင်းနက် ငါးတွင်း၊ အုတ်ရေတွင်း တစ်တွင်း၊ ဖိုက်ဘာရေလှောင်ကန် တစ်ကန်နဲ့ ရေလှောင်ကန် နှစ်ကန်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ Cyclone Shelter, Multipoupose Shelter နဲ့ School Cum Shelter ၆၂ လုံးကို အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ တည်ဆောက်ပြီး Shelter ၄၈ လုံးကို ပြုပြင်ပေးခဲ့ပါတယ်။ ဒါ့အပြင် စက်လှေ ၂၆ စင်း၊ ဖိုက်ဘာဘုတ် ၂၁ စင်း၊ Speed Boat တစ်စင်းနဲ့ အသက်ကယ်အင်္ကျီ ၂၀၀၀ ကျော်တို့ကို တိုင်းဒေသကြီးအတွင်းရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိတဲ့ မြို့နယ်တွေကို ခွဲဝေချပေးထားပြီးဖြစ်ပါတယ်။

**မေး။ ။ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

ဖြေ။ ။ပညာရေးကဏ္ဍအနေနဲ့ တင်ပြရမယ်ဆိုရင် (၃)နှစ်တာကာလအတွင်းမှာ အခြေခံပညာကျောင်း ၁၄၇၈ ကျောင်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး ကျောင်းဆောင်သစ် ၁၃၃၅ ကျောင်း ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ ဆရာ ဆရာမ အင်အား လုံလောက်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ၂၀၁၄ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၁၄၅၃ ဦး၊ ၂၀၁၈ ခုနှစ်မှာ ၁၅၉၄ ဦးနဲ့ နေ့စားလစာ မူလတန်းပြ ဆရာ ဆရာမ ၃၂၇၉ ဦးတို့ကို ခန့်ထားနိုင်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစစ်ဌာနများအနေနဲ့ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အထိ စာစစ်ဌာန ၇၆ ခု တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။

**မေး။ ။ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးနေမှုတွေကို ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ပုသိမ်ပြည်သူ့ဆေးရုံကြီးမှာ ကင်ဆာဌာန၊ အရေပြားဌာန၊ နှလုံးကြွပ်မတ်ကုသဆောင်နဲ့ ကျောက်ကပ်သန့်စင်စက်၊ ဟင်္သာတနဲ့ မအူပင် ပြည်သူ့ဆေးရုံတို့မှာ အရေပြားဌာနနဲ့ CT Scan၊ ဖျာပုံပြည်သူ့ဆေးရုံမှာ ကင်ဆာဆေးကုဌာန၊ မြောင်းမြပြည်သူ့ဆေးရုံမှာ အရေးပေါ်ဌာနနဲ့ နှစ်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့တွေ ဖွဲ့စည်းပြီး မြို့နယ်အခြေပြု ကျန်းမာရေးအထောက်အကူပြုအဖွဲ့တွေကို ဖွဲ့စည်းနိုင်ရန် ယခုနှစ်အတွင်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးအထောက်အကူပြုအဖွဲ့အနေနဲ့ ဆင်းရဲနွမ်းပါးတဲ့ လူနာတွေအတွက် ဆေးရုံနဲ့ ပတ်သက်တဲ့ လိုအပ်ချက်ကို စီမံခန့်ခွဲပေးခြင်း၊ ခရီးစရိတ်နဲ့ စားစရိတ်များ စီမံဆောင်ရွက်ပေးခြင်း၊ ဆင်းရဲနွမ်းပါးပြီး မွေးကင်းစကလေးသူငယ်တွေနဲ့ သားသည်မိခင်တွေအတွက် ရန်ပုံငွေပေါ်မှာ မူတည်ပြီး စီမံခန့်ခွဲခြင်း၊ ရရှိထားတဲ့ အလှူငွေတွေကို ပွင့်လင်းမြင်သာမှုရှိဖို့ စနစ်တကျ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ထားပါတယ်။

ဒါကလည်း ဧရာဝတီတိုင်းဒေသကြီး (၃) နှစ်တာကာလအတွင်းရဲ့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်လို့ အထူးဂရုထားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့ ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ မြို့နယ်အဆင့် ဆေးရုံအထောက်အကူပြုအဖွဲ့တွေ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့ကနေ သတ်မှတ်ခွင့်ပြုတဲ့ ဘဏ္ဍာငွေကို စနစ်တကျစစ်ဆေးဖို့၊ ဆေးရုံမှာ ထောက်ပံ့နိုင်တဲ့ ဆေးဝါးတွေနဲ့ ထောက်ပံ့ခြင်းမပြုနိုင်တဲ့ ဆေးတွေကို အများပြည်သူသိရှိနိုင်အောင် ပွင့်လင်းမြင်သာစွာ ချပြသွားပါမယ်။ အခမဲ့ထောက်ပံ့ပေးနိုင်တဲ့ ဆေးဝါးတွေကို မီးယပ်သားဖွားလူနာတွေ၊ မြွေကိုက်ပိုးထိလူနာတွေ၊ မူးယစ်ဆေးဝါးစွဲသူလူနာတွေ၊ ငါးနှစ်အောက် ကလေးကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဝက်ရူးပြန်ရောဂါသည်တွေ၊ တီဘီရောဂါသည်တွေစတဲ့ အဆင့်တွေခွဲခြားပြီး စရိတ်ငြိမ်း အခမဲ့ ကုသမှုရရှိနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါတွေက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပြည်သူ့အတွက် (၃)နှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်မှုများထဲက သိသာထင်ရှားတဲ့ အောင်မြင်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့ ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။